# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၄၆)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

# စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာ**
**(အမှတ်၊ ၄၃/၂၀၁၂)**

**၁၃၇၄ခုနှစ်၊ နယုန်လပြည့်ကျော် ၂ရက်**
**(၂၀၁၂ခုနှစ်၊ ဇွန်လ ၆ရက်)**

### စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီလူ့ဘောင်သစ်သို့ ရောက်ရှိစေရန် နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံသားများအနေဖြင့် ဒီမိုကရေစီကျင့်စဉ်ကို လေးစားလိုက်နာရေးအတွက်ကိုလည်း အဆင့်ဆင့်လေ့ကျင့်ပေးလျက်ရှိပါသည်။

၂။ ရခိုင်ပြည်နယ်အတွင်း၌ ၂၀၁၂ ခုနှစ် မေလနှင့် ဇွန်လအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေသည့် လူစုလူဝေးဖြင့် အုပ်စုဖွဲ့၍ ဥပဒေမဲ့ပြုမူဆောင်ရွက်မှုများ၊ မင်းမဲ့စရိုက်ဆန်ဆန် လူအုပ်စုဖွဲ့ ရိုက်နှက်သတ်ဖြတ်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါဖြစ်စဉ်များအပေါ် ဖြစ်ရပ်အမှန် ဖော်ထုတ်နိုင်ရေးနှင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေးတို့အတွက် အောက်ဖော်ပြပါ အဖွဲ့ဝင်များပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ဗိုလ်မှူးချုပ်ကျော်ဇံမြင့် — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ရဲမှူးချုပ်ဇော်ဝင်း — ဒုတိယဥက္ကဋ္ဌ
ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဂ) ဦးစံရွှေမောင် — အဖွဲ့ဝင်
ပြည်နယ်ဥပဒေအရာရှိ၊ ရခိုင်ပြည်နယ်

(ဃ) ရဲမှူးကြီးမျိုးဆွေဝင်း — အဖွဲ့ဝင်
ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ရခိုင်ပြည်နယ်

(င) ဦးကျော်ခင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်ထောင်အုပ်စုမှူး

(စ) ဦးအောင်မျိုးကျော် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ရခိုင်ပြည်နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(ဆ) ဦးလင်းကိုကို — အဖွဲ့ဝင်
ခရိုင်အုပ်ချုပ်ရေးမှူး၊ စစ်တွေခရိုင်

(ဇ) ဦးရန်လင်းအောင် — အဖွဲ့ဝင်
ခရိုင်အုပ်ချုပ်ရေးမှူး၊ ကျောက်ဖြူခရိုင်

(ဈ) ဦးဦးထွန်းဝေ — အဖွဲ့ဝင်
ခရိုင်အုပ်ချုပ်ရေးမှူး၊ သံတွဲခရိုင်

(ည) ဒုတိယရဲမှူးကြီးဆန်းလွင် — အဖွဲ့ဝင်
ခရိုင်ရဲတပ်ဖွဲ့မှူး၊ စစ်တွေခရိုင်

(ဋ) ဒုတိယရဲမှူးကြီးစံရွှေမောင် — အဖွဲ့ဝင်
ခရိုင်ရဲတပ်ဖွဲ့မှူး၊ ကျောက်ဖြူခရိုင်

(ဌ) ဒုတိယရဲမှူးကြီးကျော်တင့် — အဖွဲ့ဝင်
ခရိုင်ရဲတပ်ဖွဲ့မှူး၊ သံတွဲခရိုင်

(ဍ) ဦးခင်မောင်လှ — အဖွဲ့ဝင်
ခရိုင်ဥပဒေအရာရှိ၊ စစ်တွေခရိုင်

(ဎ) ဦးစောမြ — အဖွဲ့ဝင်
ခရိုင်ဥပဒေအရာရှိ၊ ကျောက်ဖြူခရိုင်

(ဏ) ဒေါ်လှကြည် — အဖွဲ့ဝင်
ခရိုင်ဥပဒေအရာရှိ၊ သံတွဲခရိုင်

(တ) ဦးဇော်သိန်း — အတွင်းရေးမှူး
ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရခိုင်ပြည်နယ်

၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အောက်ဖော်ပြပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အဖြစ်မှန် စုံစမ်းဖော်ထုတ်ရန်ဖြစ်သည် -

(က) မှုခင်းဖြစ်ပွားရသည့်အကြောင်းရင်း၊
(ခ) အုပ်စုဖွဲ့ကျူးလွန်ရန် စည်းရုံးလှုံ့ဆော်မှုများ၊
(ဂ) အုပ်စုဖွဲ့ကျူးလွန်သူများအား ဦးဆောင်သူများ၊
(ဃ) ပြစ်မှုကျူးလွန်သူများ၊
(င) အခင်းမဖြစ်ပွားမီနှင့် ဖြစ်ပွားပြီးနောက် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်နိုင်မှု အခြေအနေ၊
(စ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ထင်မြင်ယူဆချက်၊
(ဆ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ သုံးသပ်ချက်နှင့် အကြံပြုချက်။

၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဖြစ်ရပ်အမှန် ပေါ်ပေါက်စေရေးအတွက် လိုအပ်သော စုံစမ်းစစ်ဆေးမှုများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတို့နှင့်အညီ စုံစမ်းစစ်ဆေးပြီး အစီရင်ခံစာကို ၂၀၁၂ ခုနှစ်၊ ဇွန်လ (၃၀)ရက် နောက်ဆုံးထား၍ နိုင်ငံတော်သမ္မတထံသို့ တိုက်ရိုက်တင်ပြ အစီရင်ခံရမည်။

**အမိန့်အရ**

**(တင်မျိုးကြည်)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုအစိုးရအဖွဲ့**

## မိုးရွာသွန်းမှုများ ၆-၆-၂၀၁၂

| | |
|---|---|
| ကော့သောင်းမြို့ | ၇ ဒသမ ၆၈ လက်မ |
| စစ်တွေမြို့ | ၃ ဒသမ ၂၃ လက်မ |
| မြောက်ဦးမြို့ | ၂ ဒသမ ၇၆ လက်မ |
| မြိတ်မြို့ | ၂ ဒသမ ၆၈ လက်မ |

# ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်

## မြစ်ကြီးနားမြို့ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၆**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကချင်ပြည်နယ်ရှိ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား) အစည်းအဝေးခန်းမ၌ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)၊ ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(မြစ်ကြီးနား)တို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံပွဲတွင် တက္ကသိုလ်များနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းတို့မှ ကျောင်းအုပ်ကြီးများက သင်ကြားစီမံလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)ရှိ ဝန်ထမ်းအိမ်ရာများ၊ (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့်မြေနေရာ၊ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)ရှိ စာသင်ခန်းများ၊ လက်တွေ့ခန်းများနှင့် အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၄ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)နှင့် နည်းပညာအထက်တန်းကျောင်း(မြစ်ကြီးနား)သို့ သွားရောက်၍ ကျောင်းဆောင်သစ်တည်ဆောက်မည့်မြေနေရာနှင့် ဝန်ထမ်းအိမ်ရာ၊ ကွန်ပျူတာခန်းနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ကြည့်ရှုအားပေး** သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇွန် ၇ ရက်)

# လူငယ်နှင့် ဆေးလိပ်အန္တရာယ်

ဆေးလိပ်ကို လုံးဝမသောက်တတ်သေးလျှင် မသောက်သည်မှာကောင်း၏။ သောက်တတ်ပြီးမှဆေးလိပ်ဖြတ်လျှင် ခက်၏။ ဆေးလိပ်တွင်ပါသော နီကိုတင်းဓာတ်သည် ဆေးလိပ်သောက်သူကို စွဲလမ်းသွားစေ၏။ ဆေးလိပ်တစ်လိပ် စမ်းသောက်ကြည့်မိရာမှ ဆေးလိပ်စွဲသူအဖြစ်သို့ ရောက်ရှိသွားသူ အများအပြားရှိ၏။ ထို့ကြောင့် ဆေးလိပ်မသောက်တတ်သေးလျှင် လုံးဝမသောက်သည်မှာ အကောင်းဆုံးဖြစ်၏။

ဆေးလိပ်ကို မည်သည့်အသက်အရွယ်မှစပြီး သောက်သုံးသနည်းဟု စစ်တမ်းကောက်ကြည့်လျှင် ဆယ်ကျော်သက် လူငယ် လူရွယ်ဘဝတွင် ဆေးလိပ်စသောက်ကြသည်ကို တွေ့ရှိရပေလိမ့်မည်။ ဆယ်ကျော်သက်ဘဝတွင် ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်နိုင်သူများရှိသလို မရှောင်ကြဉ်နိုင်သူများလည်း ရှိ၏။ ဆယ်ကျော်သက်ဘဝတွင် ဆေးလိပ်စမ်းသောက်ကြည့်ရာမှ တစ်သက်လုံးဆေးလိပ်သောက်သူ ဖြစ်ခဲ့ရသလို ရှောင်ကြဉ်နိုင်သူများအဖို့ ဆေးလိပ်နှင့် ကင်းဝေးရသူများလည်းရှိ၏။ အချို့သောလူကြီးမိဘများသည် အရွယ်ရောက်ခါစ ရင်သွေးငယ်များအား ဆေးလိပ်မီးညှိခိုင်းရာမှတစ်ဆင့် လူငယ်များ ဆေးလိပ်သောက်တတ်သွားသည်များလည်း ရှိကြသည်။ ထို့ကြောင့် မိမိသည်လည်းကောင်း၊ မိမိရင်သွေးငယ်သည်လည်းကောင်း ဆေးလိပ်နှင့်ဝေးဝေးနေရန် အထူးသတိပြုဆင်ခြင်အပ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ နှစ်စဉ်လူဦးရေခြောက်သန်းကျော်သည် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲသဖြင့် နှလုံးသွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ပြီး လေဖြတ်ခြင်း၊ ကင်ဆာရောဂါအမျိုးမျိုး ဖြစ်ပွားခြင်း စသည်တို့ကြောင့် အချိန်မတိုင်မီ သေဆုံးလျက်ရှိသည်။ ယင်းတို့အနက် လူဦးရေခြောက်သိန်းကျော်သည် သူတစ်ပါး၏ ဆေးလိပ်ငွေ့ကိုရှူရှိုက်ရ၍ ရောဂါများဖြစ်ပွားပြီး သေဆုံးနေကြရသည်။ ယင်းတို့၏လေးပုံတစ်ပုံသည် ကလေးများဖြစ်ကြသည်။

ထို့အပြင် ကိုယ်ဝန်ဆောင်အမျိုးသမီးများကိုယ်တိုင် ဆေးလိပ်သောက်သုံးခြင်း(သို့မဟုတ်) သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်မိခြင်းတို့ကြောင့် မိခင်ရောကလေးပါ အလွန်ဆိုးရွားသော ကျန်းမာရေးထိခိုက်မှုများဖြစ်ပွားလေ့ရှိသည်။ ထို့ကြောင့် ဆေးလိပ်သည် မိမိအတွက် ကျန်းမာရေး ထိခိုက်နေသလို အများအတွက်လည်း ကျန်းမာရေးထိခိုက်စေလျက်ရှိသည်။ ထို့ကြောင့် ဆေးလိပ်သောက်သုံးခြင်းကို ဖြတ်ကြရေး၊ ဆေးလိပ်များရောင်းချနေခြင်းကို ရပ်ကြရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးနေပြီဖြစ်သည်။

ဤသို့ သတိပေးနေချိန်တွင် ဆေးလိပ်ကို လုံးဝမသောက်တတ်ကြသေးသော လူငယ်လူရွယ်များအနေဖြင့် ဆေးလိပ်ကို စမ်းပြီးမသောက်သင့်ပါ။ ဆေးလိပ်သည် လူကိုစွဲလမ်းစေပါသည်။ စွဲသွားလျှင် ဆေးလိပ်ဖြတ်ရခက်ပါသည်။ ဆေးလိပ်တစ်လိပ် စမ်းသောက်ကြည့်ရာက အစပြု၍ ဆေးလိပ်သောက်သုံးသူ ထောင်သောင်းမက တိုးပွားသွားနိုင်ပါသည်။ ထို့ကြောင့် လူငယ်လူရွယ်တို့အနေဖြင့် မိမိအတွက်လည်း အကျိုးမရှိ၊ အများအတွက်လည်းအကျိုးယုတ်စေသည့် ဆေးလိပ်သောက်ခြင်းကို မစမ်းမိကြစေရန် တိုက်တွန်းလိုက်ရပေသည်။ ။



## မော်လမြိုင်ကျွန်းမြို့နယ်၌ အမကကျောင်းဆောင်သစ်ဖွင့်

**မော်လမြိုင်ကျွန်း ဇွန် ၆**

မော်လမြိုင်ကျွန်းမြို့နယ် မြတ်သာရွာဝကျေးရွာအုပ်စု မြတ်သာရွာဝ ကျေးရွာအခြေခံပညာမူလတန်းကျောင်းကို ဆွစ်ဇာလန်နိုင်ငံ ဆွစ်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (S.D.C) နှင့် ယူနီဆက်တို့မှ ဆောက်လုပ်လှူဒါန်းသော ငွေကျပ် သိန်း ၂၁၀၀တန် ဆိုင်ကလုန်းရှက်တာအဆင့်ရှိ စကူးလ်ရှက်တာ၌ ကျောင်းဆောင်သစ် ဖွင့်ပွဲကို ဇွန် ၁ ရက် နံနက် ၁၁ နာရီက ကျောင်းဆောင်သစ်ရှေ့မျက်နှာစာတွင် ကျင်းပသည်။

ဖွင့်ပွဲတွင် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဦးကျော်၊ မြတ်သာရွာဝ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဌေးနှင့် ဆွစ်ဖွံ့ဖြိုးရေး(S.D.C)တာဝန်ခံကိုယ်စားလှယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြတ်သာရွာဝ ကျောင်းအုပ်ဆရာမ ဒေါ်မြင့်မြင့်ခိုင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဌေးတို့က ကျောင်းဆောင်သစ် ရေရှည်ထိန်းသိမ်း ဆောင်ရွက်ရေးများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ၉၆ ပေ၊ အနံ ၃၂ ပေနှင့် အမြင့် ၂၂ ပေရှိပြီး သဘာဝဘေးဖြစ်ပေါ်လာပါက မြတ်သာရွာဝပြည်သူများ ခိုလှုံနိုင်သောအဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(ဝ၆၅)**

## ကိုယ့်အားကိုယ်ကိုး သံဃာဆေးကုဆောင် ရွှေကျင်မြို့၌ ဆောက်လုပ်

**ရွှေကျင် ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံဝင်းအတွင်း၌ မြို့နယ်ကျန်းမာရေးကြီးကြပ်မှု ကော်မတီ၏ကြီးကြပ်မှုဖြင့် ဆောက်လုပ်လျက်ရှိသည့် ကိုယ့်အားကိုယ်ကိုးသံဃာဆေးကုဆောင် ဆောက်လုပ်နေမှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေဇင်ထွန်းသည် မေ ၂၈ ရက်က သွားရောက်စစ်ဆေးသည်။

အဆိုပါကိုယ့်အားကိုယ်ကိုး သံဃာဆေးကုသဆောင်သည် (၆၆×၂၉× ၁၄) ပေ တစ်ထပ်တိုက်အဆောက်အအုံဖြစ်ပြီး စုစုပေါင်းငွေကျပ်သိန်း ၂၅၀ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရှိရသည်။ **(ဝဝ၁)**

## သမဝါယမလုပ်ငန်းများ အကောင်အထည်ဖော်ရေးဆောင်ရွက်

**ရမည်းသင်း ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာနရုံးတွင် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် မြို့နယ်သမဝါယမဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အမှုဆောင်များတွေ့ဆုံပွဲကို ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီက သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲတွင် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဦးစီးအရာရှိနှင့်ဝန်ထမ်းများအား သမဝါယမဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသောလုပ်ငန်းများ၊ သမဝါယမ၏အနှစ်သာရများ၊ ရည်ရွယ်ချက်များ၊ ဌာနဝန်ထမ်းများ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီးနောက် သမဝါယမအသင်းစုဥက္ကဋ္ဌနှင့်အမှုဆောင်များအား အသင်းရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ အခြေခံအသင်းများဖွဲ့စည်းရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရှိရသည်။ **(၄၁၆)**

## ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနား စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဇွန် ၆**

ရခိုင်ပြည်နယ်တွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုနှင့် နှီးနွှယ်သောရောဂါများကို အောင်မြင်စွာထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သော လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းဝေးရေးတို့အတွက် ၂၀၁၂ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်မင်းက အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်က ၂၀၁၂ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ ဖေသက်ခင်ထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(ကျန်းမာရေး)**



## နမ့်ခမ်းမြို့နယ်တွင် ငွေစုငွေချေး သမဝါယမအသင်းဖွဲ့စည်း

**နမ့်ခမ်း ဇွန် ၆**

ရှမ်းပြည်နယ် မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး အစီအစဉ်အရ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရဝန်ထမ်းများ၊ အငြိမ်းစား ဝန်ထမ်းများနှင့် စစ်မှုထမ်းဟောင်းများ ပါဝင်သော ရွှေလီကြယ်ငွေစုငွေချေးသမဝါယမအသင်းလီမိတက် ဖွဲ့စည်းခြင်းကို မေ ၂၇ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးဆမ်မန်းက အသင်းဖွဲ့စည်းခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒါရိုက်တာအဖွဲ့ဝင်ခုနစ်ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် သ/မ)**

## ပိဋကတ်တိုက်တော်နှင့် ကျမ်းဂန်စာပေများလှူဒါန်း

**ရန်ကုန် ဇွန် ၆**

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၀၇)ရပ်ကွက် ပြည်လုံးချမ်းသာဆုတောင်းပြည့် စေတီတော် ပရဝဏ်၌ ဆောက်လုပ်လှူဒါန်းသော သာသနာ့ဝုဓ္မကာရပိဋကတ်တိုက်တော်နှင့် ပိဋကတ်ကျမ်းဂန်စာပေများလှူဒါန်းပွဲကို မေ ၂၆ ရက်က သာသနာ့ရောင်ခြည်ကျောင်းတိုက်၌ ကျင်းပရာ အလှူရှင် ဦးတင်သန်း-ဒေါ်တင်နု မိသားစုက ကျမ်းဂန်စာပေများ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ဝ၂၅)**

## စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မြောက်ဦး ဇွန် ၆**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ ၂၀၁၃-၂၀၁၄ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ မြို့နယ်၏ လူမှုစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်/မြို့ပြစီမံကိန်းရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၃ ရက်နှင့် ၂၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကော်မတီအတွင်းရေးမှူး မြို့နယ်စီမံကိန်းဦးစီးမှူး ဦးကျော်လှိုင်က မြို့နယ်/မြို့ပြစီမံကိန်းရေးဆွဲနိုင်ရန် အခြေခံလိုအပ်ချက်များ၊ စီမံကိန်းများရေးဆွဲရခြင်း၏ အခြေခံသဘောတရားများ၊ မြို့ပြ/ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်မရှိစေရေး စီမံကိန်းရေးဆွဲရန် လိုအပ်ချက်များ၊ ဆင်းရဲမှုလျှော့ချရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ စက်မှုဖွံ့ဖြိုးရေး၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးနှင့် ရှေးဟောင်းမြို့ဖြစ်၍ ဝန်ဆောင်မှုဖွံ့ဖြိုးရေး စသည်တို့ကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက တစ်ဦးချင်း တစ်ဖွဲ့ချင်းစီ ဆွေးနွေးကြကာ သိလိုသည်များကို ပြန်လည်မေးမြန်းကြရာ မြို့နယ်စီမံကိန်း ဦးစီးမှူးက ပြန်လည် ဖြေကြားခဲ့ကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

### ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များကို ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူး သတိပြုသုံးစွဲရန်။ မီးသတ်ဦးစီးဌာန

## ချို့တဲ့ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံပေး

**ရန်ကုန် ဇွန် ၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် အလယ်တန်း၊ အထက်တန်းအဆင့်ကျောင်းတက်နိုင်ရန် အခက်အခဲရှိသော ချို့တဲ့သော ကျောင်းသား ကျောင်းသူ ၇၉ ဦးကို ဇွန် ၅ ရက် နံနက်ပိုင်းက အထက (၄)ကျောင်း၌ ကျောင်းအပ်နှံပေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းက ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုလင်းအား ကျောင်းသားကျောင်းသူများအတွက် လိုအပ်သော ထောက်ပံ့ငွေနှင့် ပုံနှိပ်စာအုပ်ဖိုး ငွေကျပ် ၁၅၂၅၈၅ ကို ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

အလားတူ ရွှေပြည်သာမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၂၂ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၃၀၉ ဦးအတွက် ထောက်ပံ့ငွေများကို မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးက သက်ဆိုင်ရာကျောင်းအုပ်ကြီးများထံသို့ ပေးအပ်ပြီး ကျောင်းနေရွယ် ကလေးများကို ကျောင်းအပ်နှံပေးခဲ့သည်။

အဆိုပါ ကျောင်းအပ်နှံစရိတ်များကို အလှူရှင်များက လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(၁၆၆)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား HITACHI MEDICAL Corporation နှင့် UNFPA တို့မှ ဧည့်အဖွဲ့များတွေ့ဆုံ

**နေပြည်တော် ဇွန် ၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဂျပန်နိုင်ငံ HITACHI MEDICAL Corporation မှ General Manager Mr.NOBUS OSHIMA နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)မှ ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel-Ahad သည် နံနက် ၁၁ နာရီတွင်လည်းကောင်း အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံကြသည်။

ဂျပန်နိုင်ငံ HITACHI MEDICAL Corporation အဖွဲ့နှင့်တွေ့ဆုံရာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများအား ခေတ်မီနည်းပညာများ လက်လှမ်းမီစေရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးရေးကိစ္စရပ်များ၊ အထူးသဖြင့် ဓာတ်မှန်ဘာသာရပ်ဆိုင်ရာ အထူးကုဆရာဝန်များနှင့် ကျွမ်းကျင်ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးရေးကိစ္စရပ်များနှင့် ဓာတ်မှန်၊ ဆေးဘက်ဆိုင်ရာစက်ပစ္စည်းများ ထိန်းသိမ်းရန်အတွက် ဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

UNFPA အဖွဲ့နှင့်တွေ့ဆုံရာတွင် လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံချက်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး ဆက်လက် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းကိစ္စရပ်များ၊ လူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင် ကျန်းမာရေးဆိုင်ရာသတင်းအချက်အလက်များ ထည့်သွင်းကောက်ယူရေးကိစ္စရပ်များ၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းကိရိယာများ လုံလောက်စွာရရှိရေးကိစ္စရပ်များ၊ ဝန်ထမ်းများအရည်အသွေးမြှင့်တင်ရေးနှင့် စွမ်းဆောင်ရည်မြှင့်မားစေရေးအတွက် ပံ့ပိုးဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒေါက်တာဝင်းမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) မှ ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel-Ahad လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)

# အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ ဆွီဒင်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်

**နေပြည်တော် ဇွန် ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ရောဝတီတိုင်းဒေသကြီးလွှတ်တော်တို့မှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် (၁၄)ဦးပါဝင်သော လေ့လာရေးအဖွဲ့သည် ဇွန် ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ဆွီဒင်နိုင်ငံသို့ ထွက်ခွာသွားကြသည်။

အဆိုပါ လေ့လာရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးရေးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင်းမော်ထွန်း၊ အဖွဲ့ဝင်များအဖြစ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဒေါ်နန်းနွံ၊ ဒေါ်တင်နွယ်ဦး၊ ဒေါ်နန်းစေအွာ၊ ဒေါ်ဇာတလဲမ်း၊ ဒေါက်တာ ဒေါ်မေဝင်းမြင့်၊ ဒေါ်ခင်ဌေးကြွယ်၊ ဒေါက်တာဒေါ်သန်းငွေနှင့် ဒေါ်စန္ဒာမင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဒေါ်နော်မေးရီယန်၊ ဒေါ်နန်းနီနီအေး၊ ဒေါ်ရီရီမြင့်နှင့် ဒေါ်ခင်ဝိုင်းကြည်၊ ရောဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမြတ်သွေးတို့ ပါဝင်ကြသည်။ **(ဝဲပုံ)**

အဆိုပါ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များပါဝင်သောအဖွဲ့သည် မြန်မာ့နိုင်ငံရေးတွင်အမျိုးသမီးများ၏ကဏ္ဍမြှင့်တင်ရန်နှင့် စွမ်းဆောင်ရည်တိုးတက်စေရန် ရည်ရွယ်၍ ဆွီဒင်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ပံ့ပိုးမှု၊ ပြည်တွင်း NGO ဖန်မီးအိမ်အဖွဲ့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆွီဒင်နိုင်ငံသို့ ၁၀ ရက်ကြာ လေ့လာရေးခရီးသွားရောက်ခြင်းဖြစ်သည်။

လေ့လာရေးခရီးစဉ်အတွင်း အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် ဆွီဒင်နိုင်ငံ ပါလီမန်၊ ဆွီဒင်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမျိုးသမီးကွန်ရက်များ၊ နိုင်ငံရေးပါတီများနှင့် International IDEA အဖွဲ့များသို့ သွားရောက်လေ့လာကြမည်ဖြစ်သည်။

အဆိုပါလေ့လာရေးအဖွဲ့တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် (၁၄) ဦးနှင့်အတူ လွှတ်တော်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အမျိုးသမီးဝန်ထမ်းနှစ်ဦး၊ ပြည်တွင်း NGO ဖန်မီးအိမ်အဖွဲ့မှ ဒါရိုက်တာဒေါ်ရွှေရွှေစိန်လတ်တို့လည်း လိုက်ပါသွားကြကြောင်း သိရှိရသည်။ **တင်ထွေး(သတင်းစဉ်)**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများထောက်ပံ့

**နေပြည်တော် ဇွန် ၆**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေး ရက်သတ္တပတ် ပညာရေးဆောင်ရွက်မှုအဖြစ် စုစုပေါင်းငွေကျပ် ၂၀၁၃၅၀၀ တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေး ကိရိယာများကို နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ အမက (သာစည်)၊ ဇမ္ဗူသီရိမြို့နယ်ရှိ မူလွန်လက်ပံခါးလှ၊ ပုဗ္ဗသီရိမြို့နယ်ရှိ အမက (ပေါက်တော)၊ ဥတ္တရသီရိမြို့နယ်ရှိ အမက (၂၁)၊ ဒက္ခိဏသီရိမြို့နယ်ရှိ အထက(၁၉)နှင့် ပျဉ်းမနားမြို့နယ်ရှိ အမက (သနပ်ပင်ဆိပ်) ကျောင်းများသို့ ဇွန် ၄ ရက်တွင် သွားရောက်ထောက်ပံ့လှူဒါန်းခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်တင်တင်ဝင်းက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး လှူဒါန်းမှုများအား သက်ဆိုင်ရာကျောင်းများရှိ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက လက်ခံကြသည်။ အဆိုပါပညာရေးလှုပ်ရှားမှုတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်နှင့် သက်ဆိုင်ရာမြို့နယ်များရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လက်ထောက်ခရိုင် ပညာရေးမှူးနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရပ်မိ ရပ်ဖများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**ခနောက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် သစ်တောဦးစီးဌာနကကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော်ကို အထက ရွာငံ၌ ဇွန် ၅ ရက်ကကျင်းပရာ ရွာငံမြို့နယ် သစ်တောဦးစီးဌာနမှူး ဦးဇော်နိုင်၊ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်း၊ ခါတော်မီ၊ ထင်းရှူး၊ ယူကလစ်၊ ပနားမားငှ၊ စိန်ပန်းပြာနှင့် မဲဇလီပျိုးပင်ပေါင်း ၂၀၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးကြစဉ်။** (မြို့နယ်သစ်တော)



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၆-၂၀၁၂ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၅း၂၀ MRTV-4 သတင်း
၆း၄၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၄၅)
၇း၃၀ MRTV-4 သတင်း
၈း၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၅၉)
၁၀း၅၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၃၁)
၂း၀၀ MRTV-4 သတင်း
၃း၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၄၅)
၄း၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၅၉)
၆း၀၀ MRTV-4 သတင်း
၆း၄၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၄၆)
၈း၀၀ MRTV-4 သတင်း
၉း၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၆၀)
၁၁း၁၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (ဇာတ်သိမ်းပိုင်း)
၁း၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (ဇာတ်သိမ်းပိုင်း)

## မြန်မာ့အလင်း ဘဝအမောပြေ

**မရှာနဲ့တော့**

အာကာဟိန်း ရေးသည်

လန်ဒန်မြို့ဆေးရုံတစ်ရုံရှိ အရေးပေါ်ခွဲစိတ်ကုသခန်းအတွင်း၌ သေနတ်ပစ်ခံရသော လူနာတစ်ဦးကို ဆရာဝန်များက ခွဲစိတ်ကုသပေးလျက်ရှိသည်။

**လူနာ ။ ။ မေ့ဆေးပြယ်သွားလို့လား မသိဘူး။ နာလိုက်တာ....**
ဆရာဝန် ။ ။ ခွဲစိတ်ကုသမှုလုပ်နေဆဲမို့ပါ။
**လူနာ ။ ။ အား....နာတယ်...မြန်မြန်ကုသပါ။**
ဆရာဝန် ။ ။ ကျွန်တော်တို့အားလုံး ကြိုးစားနေပါတယ်. .
**လူနာ ။ ။ အချိန်ကြာဦးမှာလား ဒေါက်တာ...**
ဆရာဝန် ။ ။ မကြာတော့ပါဘူး. .
**လူနာ ။ ။ ကျွန်တော် အရမ်းနာနေပြီ၊ ချုပ်လို့မပြီးသေးဘူးလားဗျာ...**
ဆရာဝန် ။ ။ မချုပ်ရသေးဘူး. . . ကျွန်တော်တို့ ရှာဖွေနေဆဲမို့ပါ. . .
**လူနာ ။ ။ ဘာကို ရှာနေတာလဲ**
ဆရာဝန် ။ ။ ခင်ဗျားကိုယ်ထဲဝင်နေတဲ့ ကျည်ဆန်ကိုပေါ့. . .
**လူနာ ။ ။ အဲဒီကျည်ဆန်က ကျွန်တော့် အိတ်ကပ်ထဲမှာလေ...**
ဆရာဝန် ။ ။ "ဗျာ"



**လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် စေတနာရှင် မိဘပြည်သူများက လှူဒါန်းသော ကျောင်းအသုံးအဆောင်ပစ္စည်းများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဉာဏ်ထွန်းက အမက (၅) လှိုင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်ဝင်းနှင့် ကျောင်းသား ကျောင်းသူများထံ ပေးအပ်လှူဒါန်းစဉ်။** (၁၂၂)

# ဥတ္တရသီရိမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇွန် ၆**

၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် Mount Pleasant Resort Hotel မှ ဒါရိုက်တာ ဦးသက်ဦးဦးဆောင်သည့် ဝန်ထမ်းမိသားစုများနှင့် ၁၉၉၄-၉၅ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းမှ အသင်းဝင်များက ဖိုးဇောင်းတောင်ရှိ နေပြည်တော်-တပ်ကုန်း အမှတ်(၂)လမ်းနှင့် သီရိမဏ္ဍိုင်လမ်းထောင့်နှင့် ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်ရှိ နေပြည်တော်အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းဝင်းတို့၌ အရိပ်ရသစ်ပင် ၂၅၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **(သတင်းစဉ်)**

# မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ကျင်းပ

**ရန်ကုန် ဇွန် ၆**

၂၀၁၂-၂၀၁၃ ပညာသင်နှစ် လမ်းမတော်မြို့နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၉ ရက် မွန်းတည့် ၁၂ နာရီက အထက(၁)လမ်းမတော် စွမ်းအားခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က အမှာစကားပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အလှူရှင်များက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် အလှူငွေများ၊ ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်နှင့်စာရေးကိရိယာများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(ပညာရေး)**

မြန်မာ့အလင်း **နောက်ဆုံးရ နိုင်ငံတကာသတင်း** နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်



# ဆွစ်ဇာလန်မှ နေစွမ်းအင်သုံးလေယာဉ် စပိန်မှ မော်ရိုကိုသို့ ဒုတိယခရီးစဉ်ပျံသန်း

**ဂျီနီဗာ ဇွန် ၆**

ဆွစ်ဇာလန်နိုင်ငံမှ ထုတ်လုပ်ထားသော နေစွမ်းအင်သုံးလေယာဉ်သည် စပိန်နိုင်ငံ မက်ဒရစ်မြို့မှ မော်ရိုကိုနိုင်ငံသို့ ဇွန် ၆ ရက် နံနက်က ဒုတိယခရီးစဉ်စမ်းသပ်ပျံသန်းမှု ပြုလုပ်ခဲ့သည်ဟု ဆွစ်ဇာလန်အရာရှိများက ပြောကြားသည်။

အဆိုပါ လေယာဉ် **(အပေါ်ပုံ)**သည် စပိန်နိုင်ငံ မက်ဒရစ်ဘာရာဂျက်စ်လေဆိပ်မှ မော်ရိုကိုနိုင်ငံအနောက်မြောက်ပိုင်း ကမ်းခြေမြို့ဖြစ်သည့် ရာဘတ်ဆေးမြို့လေဆိပ်သို့ မောင်းနှင်ပျံသန်းခဲ့ခြင်းဖြစ်သည်။ ထိုသို့ပျံသန်းရာတွင် လေယာဉ်မှူးဘာတရန့်ပီကတ်က မောင်းနှင်ခဲ့ခြင်းဖြစ်သည်။

ပထမအကြိမ်ခရီးစဉ် စမ်းသပ်ပျံသန်းမှုမှာ ဆွစ်ဇာလန်နိုင်ငံ ပါရာနေမြို့လေဆိပ်မှ စပိန်နိုင်ငံ မက်ဒရစ်မြို့လေဆိပ်သို့ မေ ၂၄ ရက်က ပျံသန်းခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။ ယခုပျံသန်းရာတွင် လေယာဉ်မှူး ပီကတ်က အမြင့်မီတာ ၃၆၀၀ မှ နေ၍ မြေထဲပင်လယ်ကို ဖြတ်သန်းကာ ပျံသန်းခဲ့ခြင်းဖြစ်သည်။

၎င်းလေယာဉ်သည် မော်ရိုကိုနိုင်ငံ ရာဘတ်ဆေးမြို့လေဆိပ်သို့ ဇွန် ၆ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီ၌ ဆိုက်ရောက်ခဲ့သည်။ ထိုသို့လေယာဉ်ဆိုက်ရောက်နိုင်ခဲ့မှုကြောင့် နေစွမ်းအင်တစ်မျိုးတည်းအသုံးပြုပြီး လေယာဉ်ပျံသန်းမှုမှာ ကီလိုမီတာ ၂၅၀၀ ကျော်အထိ ပျံသန်းနိုင်ခဲ့ပြီးဖြစ်သည်။

ယင်းနေစွမ်းအင်သုံးလေယာဉ်ဖြင့် လာမည့် ၂၀၁၄ ခုနှစ်၌ ကမ္ဘာတစ်ပတ်မောင်းနှင်ပျံသန်းမှုပြုလုပ်တော့မည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

# ပါကစ္စတန်၌ သဲမုန်တိုင်းတိုက်ခတ် ၁၅ ဦးသေဆုံး၊ အိမ်များပျက်စီး



**အစ္စလမ္မာဘတ် ဇွန် ၆**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသများတွင် ဇွန် ၅ ရက်က သဲမုန်တိုင်းတိုက်ခတ်မှုကြောင့် ဒေသခံ ၁၅ ဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ဇွန် ၆ ရက်တွင်ပြောကြားသည်။ **(ယာပုံ)**

**ပြတ်တောက်**

သဲမုန်တိုင်းတိုက်ခတ်ခံရသည့် ဒေသများမှာ ခိုင်ဘာပြည်နယ် အနောက်မြောက်ပိုင်းနှင့် ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်းတို့တွင်ဖြစ်ပြီး နေအိမ်အများအပြားပျက်စီးကာ သစ်ပင်များအမြစ်မှကျွတ်ထွက် ပြိုလဲခဲ့သည်။ ထို့အပြင် ဓာတ်အားကြိုးများပြတ်တောက်ခဲ့ရာ ဒေသခံများ ဓာတ်အားပြတ်တောက်လျက်ရှိသည်။

သဲမုန်တိုင်းကြောင့် ခိုင်ဘာပြည်နယ် ပီရှာဝါမြို့တွင် ကလေးငယ်တစ်ဦး၊ အမျိုးသမီးနှစ်ဦးအပါအဝင် အနည်းဆုံး ခုနစ်ဦး သေဆုံးခဲ့သည်။

ထို့အတူ ပန်ဂျပ်ပြည်နယ်တွင်လည်း ကလေးငယ်လေးဦးအပါအဝင် ရှစ်ဦးသေဆုံးခဲ့သည်။ အဆိုပါသဲမုန်တိုင်းသည် ခိုင်ဘာပြည်နယ်တွင် တစ်နာရီလျှင် ကီလိုမီတာ ၉၀ နှုန်းတိုက်ခတ်ခဲ့ပြီး ပန်ဂျပ်ပြည်နယ်တွင် တစ်နာရီလျှင် ၇၅ ကီလိုမီတာနှုန်း တိုက်ခတ်ခဲ့သည်။ ယင်းဒေသများ၌ သဲမုန်တိုင်းတိုက်ခတ်ချိန်မှာ စုစုပေါင်း နှစ်နာရီခန့်ကြာမြင့်ခဲ့ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

# ထိုင်းနိုင်ငံနေရာအချို့၌ ရေလွှမ်းနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထား



**ဗန်ကောက် ဇွန် ၆**

ထိုင်းနိုင်ငံဒေသအချို့တွင် လာမည့်ရက်အနည်းငယ်အတွင်း မိုးသည်းထန်ပြီး ရေလွှမ်းမှုများဖြစ်ပွားနိုင်ကြောင်း ထိုင်းမိုးလေဝသဌာနက ဇွန် ၆ ရက်တွင် သတိပေးချက်ထုတ်ပြန်ထားသည်။

ထိုင်းနိုင်ငံတောင်ပိုင်း ချန်ဖွန်ပြည်နယ်ရှိ တောင်ခြေဒေသများ၊ မြစ်ချောင်းအနီးဝန်းကျင်ဒေသများ၌ နေထိုင်ကြသူများနှင့် ဆူရက်ထိုင်း၊ ရနောင်း၊ ဖန်နှ၊ ထရန်စသည်ဒေသများတွင် မိုးသည်းထန်ပြီး ရေလွှမ်းမှုများနှင့်ကြုံတွေ့ရနိုင်ကြောင်း ထိုင်းအရာရှိများကပြောကြားသည်။ **(ဝဲပုံ)**

**ထုတ်ပြန်ထား**

မိုးသည်းထန်ပြီး လေပြင်းများတိုက်ခတ်မှုကြောင့် အန်ဒါမင်ပင်လယ်နှင့် ထိုင်းပင်လယ်ကွေ့တို့တွင်လည်း အမြင့်ကိုးပေရှိသော ရေလှိုင်းကြီးများဖြစ်ပေါ်နိုင်ရာ ငါးဖမ်းစက်လှေနှင့်ငါးဖမ်းသင်္ဘောများ ကမ်းကပ်ကြရန်လည်း သတိပေးချက်ထုတ်ပြန်ထားသည်။

ထို့အပြင် ထိုင်းနိုင်ငံ အခြားနေရာအများအပြားတွင်လည်း လာမည့်ရက်အနည်းငယ်၌ မိုးသည်းထန်စွာရွာသွန်းမည်ဖြစ်ရာ ရေလွှမ်းမှုဘေးအန္တရာယ်နှင့်ကြုံတွေ့ရနိုင်ကြောင်း ထိုင်းမိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ

# ယီမင်နိုင်ငံ၌ သဲမုန်တိုင်းကျ၊ လေယာဉ်ခရီးစဉ်များ ဂျီဘူတီသို့ရွှေ့ပြောင်းရ

**ဆာနား ဇွန် ၆**

ယီမင်နိုင်ငံတွင် သဲမုန်တိုင်းထူထပ်စွာကျရောက်သဖြင့် ယီမင်နိုင်ငံ ဆာနားနိုင်ငံတကာလေဆိပ်သို့ ဇွန် ၅ ရက်က ဆင်းသက်မည့် လေယာဉ်ခရီးစဉ်များကို ဂျီဘူတီနိုင်ငံသို့ ဆင်းသက်စေခဲ့ရကြောင်း ယီမင်လေကြောင်းအာဏာပိုင်များက ပြောကြားသည်။

အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး) ဒူဘိုင်းမြို့မှလာသည့် လေယာဉ်သည် ယီမင်နိုင်ငံ၌ သဲမုန်တိုင်းကျပြီး လေယာဉ်ကွင်းကို ကောင်းစွာဆင်းသက်နိုင်ရန် မဖြစ်နိုင်တော့သည့်အတွက် ဂျီဘူတီနိုင်ငံသို့ ဇွန် ၅ ရက် နံနက်က မောင်းနှင်ကာ ခရီးစဉ်ပြောင်းလိုက်ရသည်။ ယီမင်နိုင်ငံနေရာအနှံ့အပြားတွင် သဲမုန်တိုင်းကျသည့်အတွက် အခြားသောလေယာဉ်ခရီးစဉ် သုံးလေးခုကိုလည်း အလားတူပြောင်းရွှေ့ဆင်းသက်ရသည်ဟုဆိုသည်။ **(အင်တာနက်)**

# အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း၌ အကြမ်းဖက်သမား ၈၃ ဦးလက်နက်ချ



**ကဘူးလ် ဇွန် ၆**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်မြောက်ဘက် ကီလိုမီတာ ၁၆၀ အကွာ ဘာဂလန်ပြည်နယ်တွင် ဇွန် ၅ ရက်က အစိုးရဆန့်ကျင်ရေးအကြမ်းဖက်သမား ၈၀ ကျော်တို့ အစိုးရထံလက်နက်ချခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(ဝဲပုံ)**

**အပ်နှံခဲ့**

အစိုးရဆန့်ကျင်သည့် အကြမ်းဖက်သမား ၈၃ ဦးတို့သည် လက်ရှိအစိုးရထံ အလင်းဝင်လက်နက်အပ်နှံခဲ့ကြောင်း ဘာဂလန်ပြည်နယ်ရဲမှူးကြီး အဆာဒူလာရှီဇတ်က လက်နက်ချအခမ်းအနားတွင် ပြောကြားခဲ့သည်။

**ပြောကြား**

အဆိုပါ ၈၃ ဦးတို့သည် လွန်ခဲ့သည့်နှစ်နှစ်အတွင်း ဂါဇာဂါနူးခရိုင်တွင် လှုပ်ရှားခဲ့ပြီး ယခုကဲ့သို့လက်နက်ချခြင်းဖြင့် နယ်မြေအေးချမ်းမှု အခြေအနေတိုးတက်လာတော့မည်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

# ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း တိုက်ခိုက်မှု တပ်ဖွဲ့ဝင်လေးဦးသေဆုံး

**အစ္စလမ္မာဘတ် ဇွန် ၆**

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း မိုမန်းလူမျိုးစုဒေသမှ ပါကစ္စတန်စစ်တပ် စစ်ဆေးရေးစခန်းကို အမည်မသိလက်နက်ကိုင်များ တိုက်ခိုက်ရာမှ အပြန်အလှန်ပစ်ခတ်စဉ်အတွင်း တပ်ဖွဲ့ဝင်လေးဦးနှင့် အကြမ်းဖက်သမား ၂၀ ဇွန် ၅ ရက် နံနက်က သေဆုံးခဲ့ကြောင်း ရုပ်မြင်သံကြားဌာနတစ်ခုက ကြေညာသည်။

**ပိတ်ပစ်ခဲ့**

အဆိုပါစစ်တပ်စစ်ဆေးရေးစခန်းကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၂၆ ရက်က နေတိုးတပ်ဖွဲ့ဝင်များတိုက်ခိုက်သဖြင့် ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၄ ဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာရခဲ့သည်။ ထို့ကြောင့် အမေရိကန်တို့ ပါကစ္စတန်လေတပ်စခန်းများမှ ပြန်ရုပ်သွားရပြီး နေတိုးထောက်ပံ့ရေးလမ်းကြောင်းများကို ပါကစ္စတန်က ပိတ်ပစ်ခဲ့သည်။

ဇွန် ၅ ရက် နံနက် အစောပိုင်းက အမည်မသိလက်နက်ကိုင်များနှင့် ပါကစ္စတန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ကြရာတွင် တပ်ဖွဲ့ဝင်လေးဦးသေဆုံးခဲ့သည်။ အကြမ်းဖက်သမား ၂၀ လည်း သေဆုံးခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၆-၆-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

### ဂျပန်နှင့်အိန္ဒိယရေတပ်ပူးပေါင်းစစ်ရေးလေ့ကျင့်မည်

*ဂျပန်ရေတပ်နှင့် အိန္ဒိယရေတပ်တို့သည် လာမည့် စနေနေ့တွင် ဂျပန်နိုင်ငံ ကာနာ ဂါဝါစီရင်စုဆာဂါမီပင်လယ်အော်၌ ပူးပေါင်းစစ်ရေးလေ့ကျင့်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ဂျပန်ရေတပ်က ဇွန် ၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။ ဂျပန်နှင့် အိန္ဒိယတို့သည် ယခင်က လေ့ကျင့်မှု အများအပြားတွင် ပူးပေါင်းခဲ့သော်လည်း ယခုအကြိမ်သည် ပထမဆုံးအပြန်အလှန်လေ့ကျင့်မှုပင်ဖြစ်သည်။ အိန္ဒိယရေတပ်သည် ဂျပန်နိုင်ငံသို့ ဖျက်သင်္ဘောတစ်စင်း၊ ထောက်ပံ့ရေးသင်္ဘောတစ်စင်း၊ တိုက်ခိုက်ရေးသင်္ဘောတစ်စင်းနှင့် အခြားသောကမ်းတက်စစ်သင်္ဘောတစ်စင်းအပါအဝင် သင်္ဘောလေးစင်း ပေးပို့ထားပြီး ယင်းရေယာဉ်များအားလုံးသည် ဂျပန်နိုင်ငံ ယိုကိုစူကာအခြေစိုက် ကာကွယ်ရေးရေတပ်စခန်းသို့ ဇွန် ၅ ရက်က ရောက်ရှိနေပြီဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများက ပြောကြားသည်။*

### အစ္စရေးရေတပ် ပါလက်စတိုင်းငါးဖမ်းသမားသုံးဦးအား ဖမ်းဆီး

***အစ္စရေးရေတပ်က ဂါဇာကမ်းမြောင်တွင် ဇွန် ၆ ရက်က ပါလက်စတိုင်းငါးဖမ်းသမားသုံးဦးကို ဖမ်းဆီးခဲ့ကြောင်း ပါလက်စတိုင်းငါးဖမ်းသမားတစ်ဦးက ပြောကြားသည်။ အစ္စရေးရေတပ်မှ အမြန်ရေယာဉ်တစ်စင်းက ပါလက်စတိုင်းငါးဖမ်းလှေတစ်စင်းနှင့် ယင်းလှေပေါ်ရှိ ငါးဖမ်းသမားသုံးဦးကို ကြားဖြတ်ဟန့်တားပြီး ဖမ်းဆီးသွားခဲ့ခြင်းဖြစ်ကြောင်း ငါးဖမ်းလုပ်ငန်းခေါင်းဆောင် နီဇာအေရှီက ပြောကြားခဲ့သည်။ အဆိုပါဖမ်းဆီးမှုသည် ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖားမြို့ကမ်းလွန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အစ္စရေးရေတပ်သည် ၂၀၁၂ ခုနှစ် အစပိုင်းကတည်းက ပါလက်စတိုင်းငါးဖမ်းသမား ၃၅ ဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့အား စစ်စခန်းတစ်ခုတွင် နာရီပေါင်းများစွာ မေးမြန်းစစ်ဆေးပြီးနောက် ပြန်လည်လွှတ်ပေးခဲ့သည်။***

### အာရှ၏အကြီးဆုံးကွန်ပျူတာကုန်စည်ပြပွဲ တရုတ်(တိုင်ပေ)၌ ဖွင့်လှစ်

*အာရှ၏အကြီးဆုံး ကွန်ပျူတာကုန်စည်ပြပွဲကို တရုတ်(တိုင်ပေ)၌ ဇွန် ၅ ရက်က စတင်ဖွင့်လှစ်ပြသခဲ့ကြောင်း၊ အဆိုပါကုန်ပစ္စည်းသစ်ပြပွဲကြီးကို ငါးရက်ကြာခင်းကျင်းပြသသွားရန် မျှော်မှန်းထားကြောင်း ယင်းကုန်စည်ပြပွဲတာဝန်ရှိသူများက ပြောကြားသည်။ ယခုနှစ်အတွင်းပြုလုပ်သည့် ယင်းကုန်စည်ပြပွဲတွင် စမတ်ဖုန်းများ၊ အလွန်ပါးလွှာသည့် လက်တော့ပ်များနှင့် ကွန်ပျူတာဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် တရုတ်(တိုင်ပေ)နှင့် နိုင်ငံတကာမှ ပြပွဲတင်သူ စုစုပေါင်း ၁၈၀၀ တို့က သတင်းအချက်အလက်နှင့်ဆက်သွယ်မှုနည်းပညာဆိုင်ရာ နောက်ဆုံးပေါ်ဒီဇိုင်းများကို ခင်းကျင်းပြသလျက်ရှိကြောင်း အဆိုပါကုန်စည်ပြပွဲအဖွဲ့များ၏ ပြောကြားချက်အရ သိရှိရသည်။ **(အောက်ပုံ) (အင်တာနက်)***



7-6 (04).pmd 1 6/7/2012, 2:00 AM

နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင်

ကိုသစ္စာ ➤ ရေးသားသည်



## အိန္ဒိယ နိုင်ငံတကာရုပ်ရှင်အကယ်ဒမီဆုပေးပွဲကျင်းပမည်

စင်ကာပူ ဇွန် ၆

(၁၃)ကြိမ်မြောက် အိန္ဒိယ နိုင်ငံတကာရုပ်ရှင်အကယ်ဒမီဆုပေးပွဲကို စင်ကာပူနိုင်ငံမှာ ဇွန် ၇ ရက်မှ ၉ ရက်အထိကျင်းပတော့မှာ ဖြစ်ပါတယ်။ အိုင်အိုင်အက်ဖ်အေလို့ လူသိများတဲ့ အဲဒီရုပ်ရှင်အကယ်ဒမီဆုရွေးချယ်ချီးမြှင့်ပွဲကို စင်ကာပူနိုင်ငံမှာ ကျင်းပဖို့အကြိမ်ကြိမ်ဆွေးနွေးပြီးမှ ဆုံးဖြတ်ခဲ့ခြင်းလည်းဖြစ်ပါတယ်။

ဒီရုပ်ရှင်အကယ်ဒမီဆုချီးမြှင့်ပွဲဟာ အိန္ဒိယရုပ်ရှင်လောက ဘောလိဝုဒ်နဲ့ ကိုလိဝုဒ်တို့က ရုပ်ရှင်ဇာတ်ကားနဲ့ ရုပ်ရှင်မင်းသား မင်းသမီးတွေ၊ အနုပညာရှင်တွေကို ရွေးချယ်ချီးမြှင့်တဲ့ပွဲဖြစ်ပြီး ဘောလိဝုဒ်နဲ့ကိုလိဝုဒ်တို့အနေနဲ့ အိန္ဒိယရဲ့အနုပညာအမိုးတစ်ခုတည်းအောက်မှာ တည်ရှိနေတယ်ဆိုတာကို ပြသတဲ့ပွဲလည်းဖြစ်ပါတယ်။

ကိုလိဝုဒ်ရုပ်ရှင်လောကဟာ အိန္ဒိယနိုင်ငံမှာရှိတဲ့ တမီးလ်ရုပ်ရှင်လောကကို ကိုယ်စားပြုပေမယ့် အိန္ဒိယအနုပညာအမိုးတစ်မိုးတည်းအောက်မှာ ရှင်သန်လှုပ်ရှားနေတဲ့ အနုပညာနယ်ပယ်တစ်ခုဖြစ်ပါတယ်။ ကိုလိဝုဒ်အနုပညာရှင်တွေဟာ ဘောလိဝုဒ်မှာ ပါဝင်သရုပ်ဆောင်ကြပြီး အနုပညာလုပ်ငန်းတွေလုပ်ဆောင်ကြသလို ဘောလိဝုဒ်အနုပညာရှင်တွေကလည်း ကိုလိဝုဒ်မှာ ပါဝင်သရုပ်ဆောင် လုပ်ကိုင်နေကြတာ ဖြစ်ပါတယ်။ ဒီရုပ်ရှင်အကယ်ဒမီဆုချီးမြှင့်ပွဲကို အိန္ဒိယရုပ်ရှင်မင်းသမီးနဲ့ ထုတ်လုပ်သူလည်းဖြစ်တဲ့ ဆာရက်ကူးမား၊ အိန္ဒိယရုပ်ရှင်မင်းသမီး ရှာယာဆာရန် **(အပေါ်ပုံ)**၊ ရုပ်ရှင်မင်းသား ဆာရက်ဘာဘူနဲ့ အယ်လူအာဗင်းတို့ အပါအဝင် ထိပ်တန်းရုပ်ရှင်အနုပညာရှင်တွေ တက်ရောက်ဆင်နွှဲကြမှာဖြစ်ပါတယ်။ မကြာမီကျင်းပတော့မယ့် အိန္ဒိယ နိုင်ငံတကာရုပ်ရှင်ဆုချီးမြှင့်ပွဲမှာ ဆုရမယ်လို့ ရေပန်းစားနေတဲ့ ရုပ်ရှင်ကား ၁၄ ကားထဲမှာ ဒါရိုက်တာ ဇိုယာအက်ခါတာရဲ့ Zindagi Na Milegi Dobara ဇာတ်ကား ဖြစ်ပါတယ်။ ဒါ့အပြင် ဒါရိုက်တာ ကာပူးရာရဲ့ The Dirty Picture ဇာတ်ကားကလည်း ဆုရရှိမယ်လို့ရေပန်းစားနေပါတယ်။ ဒါ့အပြင် ဒါရိုက်တာ ကပူးရာရဲ့ Rockstar နဲ့ ဒါရိုက်တာ ဆလမ်ခန်ရဲ့ Bodyguard ဇာတ်ကားဟာလည်း ဆုတွေရရှိမယ်လို့ နာမည်ကြီးနေတဲ့ ရုပ်ရှင်ကားတွေဖြစ်ပါတယ်။ **(အင်တာနက်)**

## ရုပ်ရှင်မင်းသမီး ခရစ္စတင်းစတီးဝပ်ပါဝင်သည့် Snow White ဇာတ်ကား ရုံဝင်ငွေအများဆုံးရခဲ့



လော့စ်အိန်ဂျလိစ် ဇွန် ၆

ရုပ်ရှင်မင်းသမီး ခရစ္စတင်းစတီးဝပ် **(ယာပုံ)** ပါဝင်သရုပ်ဆောင်ထားတဲ့ Snow White and the Huntsman ဇာတ်ကားဟာ မြောက်အမေရိကနိုင်ငံများမှာ ယခုသီတင်းတစ်ပတ်အတွင်း ရုံတင်ပြသခဲ့တဲ့အခါ ရုံဝင်ငွေအများဆုံးဖြစ်ခဲ့တယ်လို့ ဟောလိဝုဒ်က ဇွန် ၄ ရက်မှာ သတင်းထုတ်ပြန်ပါတယ်။

အဲဒီဇာတ်ကားဟာ ယခုသီတင်းပတ်အပြီးမှာ ရုံဝင်ငွေအမေရိကန်ဒေါ်လာ ၅၆ ဒသမ ၂ သန်းရရှိခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်အတွက် ရုံဝင်ငွေရရှိမှုမှာ ထိပ်ဆုံးက ဦးဆောင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒုတိယရုံဝင်ငွေအများဆုံးဇာတ်ကားကတော့ ရုပ်ရှင်မင်းသား ဝီလ်စမစ်ပါဝင်သရုပ်ဆောင်ထားတဲ့ Men in Black-3 ဇာတ်ကားဖြစ်ပြီး ရုံဝင်ငွေအမေရိကန်ဒေါ်လာ ၂၉ ဒသမ ၃သန်းရရှိခဲ့ပါတယ်။ တတိယအများဆုံးရုံဝင်ငွေရရှိခဲ့တဲ့ဇာတ်ကားကတော့ ဝေါဒစ္စနေကုမ္ပဏီကရိုက်ကူးခဲ့တဲ့ The Avengers ဇာတ်ကားဖြစ်ပြီး ပြီးခဲ့တဲ့သီတင်းပတ်အတွက် ရုံဝင်ငွေ အမေရိကန် ဒေါ်လာ ၂၀ ဒသမ ၃ သန်းရရှိခဲ့ပါတယ်။

စတုတ္ထအများဆုံး ရုံဝင်ငွေရရှိခဲ့တဲ့ဇာတ်ကားကတော့ ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ Battleship ရုပ်ရှင်ကားဖြစ်ပြီး ပြီးခဲ့တဲ့ သီတင်းပတ်အတွက် ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ သန်းရရှိခဲ့ပါတယ်။ စတုတ္ထ ရုံဝင်ငွေအကောင်းဆုံးဇာတ်ကားကတော့ The Dictator ဖြစ်ပြီး သီတင်းတစ်ပတ်အတွင်း ရုံဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်းရရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ရုံဝင်ငွေအကောင်းဆုံး နောက်ထပ်ဇာတ်ကားများမှာ The Best Exotic Marigold Hotel ဇာတ်ကားက ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ သန်း၊ What to Expect When You're Expecting ဇာတ်ကားက ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၃ သန်း၊ Dark Shadows ဇာတ်ကားက ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၆ သန်း၊ Chernobyl Diaries ဇာတ်ကားက ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်းနဲ့ For Greater Glory ဇာတ်ကားက ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်း အသီးသီးရရှိခဲ့ကြပါတယ်။ **(အင်တာနက်)**

## (၆၆)ကြိမ်မြောက် အီဒင်ဘတ်နိုင်ငံတကာရုပ်ရှင်ပွဲတော် ကျင်းပမည်



*အီဒင်ဘတ် ဇွန် ၆*

*(၆၆)ကြိမ်မြောက် အီဒင်ဘတ်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို စကော့တလန်ရှိ အီဒင်ဘတ်မြို့၌ ဇွန် ၂၀ ရက်မှ ဇူလိုင် ၁ ရက်အထိ ကျင်းပတော့မှာ ဖြစ်ပါတယ်။ အဲဒီရုပ်ရှင်ပွဲတော်မှာ ဥရောပနဲ့ အခြားကမ္ဘာ့နိုင်ငံအများအပြားက ရုပ်ရှင်ကားတွေအပြင် အနုပညာရှင်တွေလည်း ပါဝင်ဆင်နွှဲကြမှာဖြစ်ပါတယ်။*

*အီဒင်ဘတ်နိုင်ငံတကာရုပ်ရှင်ပွဲတော်မှာ ကမ္ဘာ့နိုင်ငံပေါင်း ၅၂ နိုင်ငံမှ ရုပ်ရှင်ကားသစ် ၁၂၁ ကား ပါဝင်ပြသမှာဖြစ်ပါတယ်။ အဲဒီရုပ်ရှင်ကားတွေထဲမှာ ဗြိတိန်နိုင်ငံက ရုပ်ရှင်ကား ၇၆ ကားနဲ့ အခြားဥရောပနိုင်ငံတွေက ရုပ်ရှင်ကား ၁၁ ကားလည်း ပါဝင်မှာဖြစ်ပါတယ်။ အီဒင်ဘတ်နိုင်ငံတကာရုပ်ရှင်ပွဲတော်ဖွင့်ပွဲမှာ ဒါရိုက်တာ ဝီလီယမ်ဖရစ်ကင်ရဲ့ Killer Joe ဇာတ်ကား* (ဝဲပုံ) *ပြသဖွင့်လှစ်မှာဖြစ်ပြီး ပိတ်ပွဲမှာ ဥရောပရုပ်ရှင်ကားတစ်ကားဖြစ်တဲ့ Brave ဇာတ်ကားနဲ့ ပြသပြီး ရုပ်ရှင်ပွဲတော်ပိတ်သိမ်းမှာဖြစ်ပါတယ်။ ဒီရုပ်ရှင်ပွဲတော်မှာ နာမည်ကြီးနေတဲ့ ရုပ်ရှင်ကားတွေကတော့ 7 Days in Havana? Benicio နဲ့ Brave ဇာတ်ကားတွေပဲဖြစ်ပါတယ်။ ရုပ်ရှင်မင်းသားတွေထဲမှာတော့ စကော့စ်၊ ဘီလီကန်နိုလီ၊ ကီဗင်မက်ကစ်နဲ့ ကရင်းဖာဂူဆန်တို့က ရေပန်းစားနေပါတယ်။* (အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း ဖော်ဦးခိုင်-စုစည်းသည်

## ကမ္ဘာ့ပေါ်၌ အမြင့်ဆုံးလေဆိပ် တရုတ်၌တည်ဆောက်နေ



ချန်ဒူ ဇွန် ၆

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် ကမ္ဘာပေါ်၌ အမြင့်ဆုံးလေဆိပ်တစ်ခုကို တည်ဆောက်နေပြီဖြစ်ရာ ယင်းလေဆိပ်သည် ရေမျက်နှာပြင်ထက် မီတာ ၄၄၁၀ အမြင့်ရှိ တောင်ပေါ်၌ တည်ဆောက်နေ **(ဝဲပုံ)** ခြင်းဖြစ်ကြောင်း ဇွန် ၆ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါလေဆိပ်သည် စီချွမ်ပြည်နယ် တောင်ချန်စီရင်စုတွင်ရှိသော တောင်ထိပ်၌တည်ဆောက်နေခြင်းဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများအတွက် ဆွဲဆောင်မှုအရှိဆုံး လေဆိပ်တစ်ခုလည်း ဖြစ်လာမည်ဖြစ်သည်။ ၎င်းလေဆိပ်ကို လာမည့် ၂၀၁၃ ခုနှစ်၌ အပြီးတည်ဆောက် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ယင်းလေဆိပ် တည်ဆောက်ပြီးစီးပါက နိုင်ငံတကာလေယာဉ်များအပြင် ပြည်တွင်းလေကြောင်းခရီးစဉ်များဖြစ်သော ချန်ဒူ၊ ချုံကျင်း၊ ကူမင်း၊ ရှိုင်ယန်နှင့် စီအင်မြို့များသို့ လေယာဉ်များ ပျံသန်းပြေးဆွဲနိုင်မည် ဖြစ်သည်။

၎င်းလေဆိပ်ကို လေယာဉ်ပြေးလမ်း မီတာ ၄၂၀၀ အရှည်ဖောက်လုပ်ပြီး ငွေကြေး အမေရိကန်ဒေါ်လာ ၂၃၇ သန်း ရင်းနှီးမြှုပ်နှံကာ တည်ဆောက်နေခြင်းဖြစ်သည်။ ယင်းလေဆိပ်တည်ဆောက်ပြီးပါက ၂၀၁၃ ခုနှစ်၌ ခရီးသည် ၅၀၀၀၀၀ အထိ ဝင်ထွက်သွားလာမည်ဟု မျှော်မှန်းထားသည်။

ယခုအခါ လေယာဉ်ပြေးလမ်းများ၊ အဆောက်အအုံများ၊ ခရီးသည် ဝင်ထွက်ခန်းမများ၊ နားနေဆောင်များ၊ လေဆိပ်စက်ကြီးများနှင့် ဓာတ်အားပေးစနစ်များကိုပါ တစ်ပြိုင်တည်းဆောက်လုပ်လျက်ရှိသည်။ **(အင်တာနက်)**

## စစ်ဘုရင်ကြီး နပိုလီယံ၏ စိန့်ဟယ်လီနာကျွန်း အကျဉ်းစံဘဝတွင် အင်္ဂလိပ်စာဖြင့် ရေးသားခဲ့သော ရှားပါးပေးစာ လေလံတင်မည်



ပါရီ ဇွန် ၆

စစ်ဘုရင်ကြီး နပိုလီယံဘိုနာပတ် **(ယာပုံ)**၏အကျဉ်းစံဘဝတွင် အင်္ဂလိပ်စာဖြင့်ရေးသားခဲ့သော ပေးစာတစ်စောင်ကို ပြင်သစ်နိုင်ငံ ပါရီမြို့တွင် လေလံတင်ရောင်းချရန် ပြသထားကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဇွန် ၅ ရက်က ဖော်ပြသည်။

နပိုလီယံ၏အင်္ဂလိပ်လိုရေးထားသော ရှားပါးပေးစာကို ယခုသီတင်းပတ်အတွင်း လေလံကြမ်းခင်းဈေး ယူရို ၈၀၀၀၀ (ပေါင် ၆၅၀၀၀၊ အမေရိကန်ဒေါ်လာ တစ်သိန်း) ဖြင့် လေလံခေါ်ယူမည်ဖြစ်သည်။

စိန့်ဟယ်လီနာကျွန်းတွင် ပြည်နှင်ဒဏ်ပေးခံရကာ အကျဉ်းစံဘဝဖြင့် နေထိုင်ရစဉ် ၁၈၁၆ ခုနှစ် မတ်လအတွင်းက ကျရှုံးအင်ပါယာတို့၏သခင် နပိုလီယံ၏ အင်္ဂလိပ်လိုရေးသားခဲ့သောပေးစာကို လေလံတင်ရောင်းချခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

တစ်ကျွန်းစံဘဝသို့ ဖမ်းဆီးပို့ဆောင်ခဲ့သည့် အင်္ဂလိပ်တို့၏ ဘာသာစကားကို သင်ယူရန် နပိုလီယံက စိတ်ပိုင်းဖြတ်ကြိုးစားသော်လည်း သူရည်မှန်းသလို အပြီးတိုင်တတ်ကျွမ်းမှုမရှိခဲ့သည်ကို သူ၏ယခုအင်္ဂလိပ်စာပေးစာကို ဖတ်ရှုခြင်းအားဖြင့် သိရှိရကြောင်း ပါရီမြို့ရှိ သတင်းထောက်တစ်ဦးက ပြောကြားသည်။

ကမ္ဘာ့သမိုင်းဝင် အထင်ကရ ဝါတာလူးစစ်ပွဲကြီးတွင် အရေးနိမ့်ကျဆုံးခဲ့ပြီးနောက် စိန့်ဟယ်လီနာကျွန်းသို့ ပို့ဆောင်အကျဉ်းချခံရချိန်က ရေးသားခဲ့သော နပိုလီယံ၏ ပေးစာသုံးစောင်တွင် အဝါရောင်စာရွက်ဖြင့် ရေးသားထားသော ယခုပေးစာကို ပါရီမြို့တောင်ဘက်ရှိ မွန်တိန်နီ ဘလူးအရပ်တွင် လာမည့်ဇွန် ၁၀ ရက်၌ လေလံတင် ရောင်းချမည်ဖြစ်သည်။

ပြည်နှင်ဒဏ်ဖြင့် စိန့်ဟယ်လီနာကျွန်းသို့ ရောက်ရှိခဲ့ပြီး မကြာမီမှာပင် နပိုလီယံသည် သူ၏လက်ထောက်ဖြစ်သူ အမ်မြူယယ်ထံမှ အင်္ဂလိပ်စာကို နေ့စဉ်သင်ယူခဲ့ခြင်းဖြစ်သည်။ အကျဉ်းကျခံဘဝတွင် သူ့ပတ်ဝန်းကျင်ရှိသူများနှင့်ထိတွေ့ဆက်ဆံနိုင်ရေး မျှော်မှန်းချက်ဖြင့် ရှုံးနိမ့်ကေရာဇ်နပိုလီယံက သင်ခန်းစာများကို တက်ကြွစွာသင်ယူခဲ့ခြင်းဖြစ်သည်။

ယခုလေလံတင်မည့် နပိုလီယံ၏ပေးစာမှာ သူ၏စာပြဆရာဖြစ်သူထံ ညလုံးပေါက်မအိပ်ဘဲ ရေးသားခဲ့သည့် စာတိုလေးတစ်စောင်ဖြစ်ပြီး နပိုလီယံ၏စကားပြေ အရေးအသားမှာ လက်ရှိအင်္ဂလိပ်စာစကားတတ်ကျွမ်းသူများ ဖတ်ရသော်လည်း နားလည်ဖို့ မလွယ်ကူ မရှင်းလင်းနိုင်သော ပေးစာတစ်စောင်ဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

## သဘာဝဘေးအန္တရာယ်များ ကြိုတင်သိရှိရန် တိရစ္ဆာန်တို့၏ ထူးခြားမှုအလေ့အထများစောင့်ကြည့်



*တိုကျို ဇွန် ၆*

*ဂျပန်နိုင်ငံတစ်ဝန်းရှိ မြို့များတွင် ငလျင်နှင့်ဆူနာမီကြိုတင်သတိပေးမှုစနစ်များ တပ်ဆင်ထားသော်လည်း ပြည်သူအများအပြားမှာ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး တိရစ္ဆာန်များ၏ ထူးခြားသည့်အလေ့အထများကိုသာ သတိထားစောင့်ကြည့်လျက်ရှိကြောင်း ဂျပန်အရာရှိများက ဇွန် ၆ ရက်၌ သတင်းထုတ်ပြန်သည်။ **(ယာပုံ)***

*ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းကမ်းခြေမြို့ဖြစ်သော ဆူဆာကီမြို့တွင် ရေတွင်းမှရေများရုတ်တရက်လျော့ကျသွားခြင်း၊ မွေးမြူထားသောကြက်များ ရုတ်တရက်စူးရှသောအသံများဖြင့် အော်ဟစ်ကာ ဂနာမငြိမ်ဖြစ်ခြင်းတို့ကို သတိထားစောင့်ကြည့်လျက်ရှိကြသည်။*

*ထို့အပြင် အိမ်မွေးကြောင်များ နေအိမ်များမှထွက်ပြေးခြင်းနှင့် မွေးမြူထားသောငါးများ အလန့်တကြားကူးခတ်သွားလာနေမှုများကို အလေးထားစောင့်ကြည့်လျက်ရှိကြသည်။ ထိုသို့ တိရစ္ဆာန်များ၏ ထူးခြားသော အလေ့အထများဖြစ်ပေါ်ပါက မကြာမီကာလအတွင်း ငလျင်နှင့်ဆူနာမီရေလှိုင်းကြီးများကဲ့သို့ သဘာဝဘေးအန္တရာယ်များ ကျရောက်တော့မည်ဖြစ်ကြောင်း ဒေသခံပြည်သူများက သတိပြုမိကာ ကြိုတင်သိရှိနိုင်ကြသည်။*

*၂၀၁၁ ခုနှစ် မတ်လက ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ ရစ်ချ်တာစကေး ၉ ရှိသော အင်အားပြင်းငလျင်မလှုပ်မီ ဂျပန်နိုင်ငံမြို့များ၌ အိမ်မွေးတိရစ္ဆာန်များ၏ ထူးခြားမှုအလေ့အထများ ဖြစ်ပေါ်ခဲ့ကြောင်း သတင်း၌ဖော်ပြသည်။* ***(အင်တာနက်)***

နိုင်ငံတကာအားကစားသတင်း

မောင်မောင်မြင့်ဆွေ – စုစည်းသည်

# ကမ္ဘာ့လိုက်မစ်ဒယ်ဝိတ်တန်း လက်ဝှေ့ချန်ပီယံဟောင်း ရိုနယ်ဝိုက်အနားယူပြီ

ဝါရှင်တန် ဇွန် ၆

အမေရိကန်နိုင်ငံသား ကမ္ဘာ့လိုက်မစ်ဒယ်ဝိတ်တန်းချန်ပီယံဟောင်း လက်ဝှေ့သမား ရိုနယ်ဝိုက်သည် လက်ဝှေ့ထိုးသတ်ခြင်းမှ အနားယူပြီဖြစ်ကြောင်း ဇွန် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက် ၄၀ အရွယ်ရှိ လက်ဝှေ့သမား ရိုနယ်ဝိုက်သည် မကြာမီက လက်ဝှေ့ပွဲသုံးပွဲထိုးသတ်ခဲ့ရာ သုံးပွဲစလုံးရှုံးနိမ့်ခဲ့ပြီးနောက် လက်ဝှေ့ထိုးသတ်ခြင်းမှ အနားယူရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မိမိသည် ယခုအချိန်၌ လက်ဝှေ့လောကမှ အနားယူသင့်ပြီဖြစ်ကြောင်း ၄င်းက ပြောကြားသည်။

**ကျဆင်းခဲ့ပြီ**

မိမိသည် လက်ဝှေ့လောက၌ ကမ္ဘာ့ချန်ပီယံတစ်ဦးအဖြစ် ထပ်မံရပ်တည်နိုင်တော့မည်မဟုတ်ကြောင်း၊ မိမိ၏လက်ဝှေ့စွမ်းရည်များလည်း ကျဆင်းခဲ့ပြီဖြစ်ကြောင်း ရိုနယ်ဝိုက်က ဆက်လက်ပြောကြားသည်။

ကမ္ဘာ့လိုက်မစ်ဒယ်ဝိတ်တန်းချန်ပီယံဟောင်း ရိုနယ်ဝိုက်သည် လက်ဝှေ့ထိုးသတ်ပွဲစုစုပေါင်း ၅၁ ပွဲ ထိုးသတ်ခဲ့ရာ ၄၄ ပွဲနိုင်၊ တစ်ပွဲသရေ၊ ခြောက်ပွဲရှုံး ရလဒ်များရရှိသည်။ နိုင်ပွဲ ၄၄ ပွဲအနက် ၂၅ ပွဲမှာ ဒိုင်ပွဲရပ်များဖြစ်သည်။

သူသည် ၂၀၀၆ ခုနှစ်က လက်ဝှေ့သမားဂျာမိန်းကေလာနှင့် ၁၂ ချီ ယှဉ်ပြိုင်ထိုးသတ်ပြီး အမှတ်ဖြင့် အနိုင်ရကာ ကမ္ဘာ့လက်ဝှေ့ကောင်စီ၏ လိုက်မစ်ဒယ်ဝိတ်ချန်ပီယံဖြစ်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**





အမေရိကန်နိုင်ငံသား ကမ္ဘာ့လိုက်မစ်ဒယ်ဝိတ်ချန်ပီယံဟောင်း လက်ဝှေ့သမား ရိုနယ်ဝိုက်။

# ယူရို ၂၀၁၂ ခြေစမ်းပွဲများယှဉ်ပြိုင်၊ ပြင်သစ်နှင့် တူရကီတို့နိုင်ပွဲများရ

ပါရီ ဇွန် ၆

*ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲ ခြေစမ်းပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိရာ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဇွန် ၆ ရက် နံနက်က ကျင်းပသည့် ပြင်သစ်နှင့် အက်စတိုးနီးယားတို့ပွဲတွင် ပြင်သစ်တို့က လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ **(ဝဲပုံ)***

*ပြင်သစ်အသင်းသည် ယခုပွဲ၌ ဘင်ဇီမာ၊ နာဆရီနှင့် ရီဘာရီတို့အပါအဝင် အဓိကဘောလုံးသမားများအား လူစုံထုတ်ကစားပြီး အက်စတိုးနီးယားအသင်းကို အသာစီးမှ ကစားနိုင်ခဲ့သည်။ အက်စတိုးနီးယားတို့က တန်ပြန်တိုက်စစ် တစ်ကြိမ်နှစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး ပြင်သစ်တိုက်စစ်ကိုသာ ဟန့်တားခဲ့ရသည်။*

*ပြင်သစ်အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၄ မိနစ်၌ ရီဘာရီက သွင်းယူပေးခဲ့သည်။ ထို့နောက် ပြင်သစ်တို့ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန် ၃၇ မိနစ်နှင့် ၄၇ မိနစ်တို့၌ ဘင်ဇီမာတစ်ဦးတည်း နှစ်ဂိုးဆက်တိုက်သွင်းယူပေးခဲ့သဖြင့် ပြင်သစ်တို့ သုံးဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။*

***နိုင်ပွဲရရှိ***

*အက်စတိုးနီးယားတို့ ချေပဂိုးသွင်းယူနိုင်ရေးကြိုးစားခဲ့သော်လည်း ပြင်သစ်နောက်တန်းကို ထိထိရောက်ရောက် မထိုးဖောက်နိုင်ခဲ့သဖြင့် ချေပဂိုးတစ်ဂိုးမျှ မသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ ပြင်သစ်အသင်းအတွက် စတုတ္ထဂိုးကို ပွဲချိန် မိနစ် ၉၀ ၌ မင်နက်ဇ်က သွင်းယူပေးခဲ့သဖြင့် ပွဲအပြီး ပြင်သစ်တို့က လေးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။*

*နောက်ထပ်ခြေစမ်းပွဲအဖြစ် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ဇွန် ၆ ရက် နံနက်က ကျင်းပသည့် ဩစတြီးယားနှင့် ရိုမေးနီးယားတို့ပွဲတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြဘဲ ဂိုးမရှိသရေပွဲဖြစ်ခဲ့ကြသည်။ ထို့အတူ တူရကီနှင့်ယူကရိန်းတို့ပွဲတွင် တူရကီက နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။ တူရကီအတွက် ဂိုးများကို ပွဲချိန် မိနစ် ၃၀ ၌ အာကင်ကတစ်ဂိုးသွင်းယူပြီး ပွဲချိန် မိနစ် ၇၀ ၌ ပက်တီမက်က တစ်ဂိုး သွင်းယူခဲ့သဖြင့် ပွဲအပြီး တူရကီက နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)***

# စတော့ဟုမ်း နိုင်ငံတကာမာရသွန်ပြိုင်ပွဲ အဘူဒါရစ်နှင့် ဂိုဒါနာတို့ဗိုလ်စွဲ

စတော့ဟုမ်း ဇွန် ၆

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ကျင်းပလျက်ရှိသော စတော့ဟုမ်းနိုင်ငံတကာ မာရသွန်ပြိုင်ပွဲကို ဇွန် ၄ ရက်က ဆက်လက်ကျင်းပရာ အမျိုးသားမာရသွန်အပြေးပြိုင်ပွဲ၌ ဂျော်ဒန်အပြေးသမား အဘူဒါရစ်က ဗိုလ်စွဲခဲ့သည်။

ဂျော်ဒန်နိုင်ငံသား အဘူဒါရစ်သည် မာရသွန်ပြိုင်ပွဲ၌ ၄၂ ဒသမ ၁၉၅ ကီလိုမီတာကို ၂ နာရီ ၁၉ မိနစ် ၁၆ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ တစ်ဖန် အီသီယိုးပီးယားအပြေးသမား ဒီကီလီက ၂ နာရီ ၁၉ မိနစ် ၂၉ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့သည်။ တတိယဆုကို အီသီယိုးပီးယားအပြေးသမားတစ်ဦးက ရရှိခဲ့သည်။

**ပထမရရှိခဲ့**

အမျိုးသမီးမာရသွန်အပြေးပြိုင်ပွဲတွင် အီသီယိုးပီးယားအပြေးမယ် ဂိုဒါနာက ၂ နာရီ ၄၀ မိနစ် ၁၉ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။ ဒုတိယအဖြစ် ရုရှားအပြေးမယ် ဗီရွန်နီကာလိုပါတီနာက ရရှိခဲ့ပြီး တတိယနေရာမှ ပန်းဝင်ခဲ့သူမှာ အီသီယိုးပီးယားအပြေးမယ် ဂျီဒါက ဖြစ်သည်။

၂၀၁၂ ခုနှစ် စတော့ဟုမ်းမာရသွန်အပြေးပြိုင်ပွဲသို့ နိုင်ငံတကာမှ ပြိုင်ပွဲဝင်ပေါင်း ၂၁၀၀၀ ကျော်ပါဝင်ယှဉ်ပြိုင်ခဲ့ရာ စတော့ဟုမ်းနိုင်ငံတကာ မာရသွန်ပြိုင်ပွဲ တစ်လျှောက် ပြိုင်ပွဲဝင်ဦးရေအများဆုံး ယှဉ်ပြိုင်သည့်ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ **(အင်တာနက်)**



အပြေးသမား အဘူဒါရစ်



အပြေးမယ် ဂိုဒါနာ

နိုင်ငံတကာအားကစားမြင်ကွင်း

မြင့်မောင်စိုး – စုစည်းသည်

# အင်္ဂလန်အကောင်းဆုံးဘောလုံးသမား နောက်တန်းကစားသမား ဖာဒီနန်ဖြစ်လာ

*လန်ဒန် ဇွန် ၆*



*အင်္ဂလန်နောက်တန်းကစားသမားများတွင် ဖာဒီနန်သည် အကောင်းဆုံး နောက်တန်းကစားသမားတစ်ဦးဖြစ်ကြောင်း ဒတ်ချ်ကွင်းလယ်ကစားသမား ဗန်ဒါဗတ်က ပြောကြားလိုက်သည်။*

*သို့သော်လည်း ဖာဒီနန် **(ယာပုံ)**သည် အင်္ဂလန်နည်းပြသစ် ရွိုင်ဟော့ဒ်ဆင်၏ ယူရို ၂၀၁၂ ပြိုင်ပွဲဝင် အင်္ဂလန်အသင်းတွင် မူလကမပါဝင်ခဲ့ပေ။ သို့သော်လည်း ဂယ်ရီကာဟေးလ် ဒဏ်ရာရသွားသဖြင့် နည်းပြရွိုင်ဟော့ဒ်ဆင်က ဖာဒီနန်အား အင်္ဂလန်အသင်းတွင် ပြန်လည်ကစားရန် ခေါ်ယူခဲ့သည်။ ဖာဒီနန်သည် အင်္ဂလန်အသင်းနှင့်အတူ ၈၁ ပွဲ ပါဝင်ကစားခဲ့သူဖြစ်သည်။*

*နည်းပြရွိုင်ဟော့ဒ်ဆင်က လာမည့် ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်ကို အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် ရွေးချယ်ထားသည်။ အုပ်စု (D) မှ အင်္ဂလန်အသင်းသည် ဇွန် ၁၁ ရက် အဖွင့်ပွဲတွင် ပြင်သစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဇွန် ၁၅ ရက်တွင် ဆွီဒင်အသင်းနှင့်လည်းကောင်း၊ ဇွန် ၁၉ ရက်တွင် ယူကရိန်းအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)***

# ယူရို ၂၀၁၂ အဖွင့်ပွဲစဉ် ဘာလော့တယ်လီ ပါဝင်ကစားမည်



ခရာကော်(ပိုလန်) ဇွန် ၆

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲကြီးကို ပိုလန်နှင့် ယူကရိန်းတို့က ဇွန် ၈ ရက်တွင် ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မည် ဖြစ်သည်။ အုပ်စု(C) အဖွင့်ပွဲအဖြစ် အီတလီနှင့်စပိန်တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ပြောကြား**

အီတလီအသင်းတွင် တိုက်စစ်မှူး ဘာလော့တယ်လီ **(ဝဲပုံ)**ပါဝင်ကစားမည်ဖြစ်သည်။ သို့သော်လည်း လေ့ကျင့်မှုပြုလုပ်စဉ် ဒဏ်ရာအနည်းငယ်ရထားသဖြင့် အမြန်ဆုံးသက်သာရန် ကြိုးစားနေကြောင်း အီတလီအသင်းနည်းပြ ပရန်ဒဲလ်လီက ပြောကြားသည်။

ဘာလော့တယ်လီသည် လေ့ကျင့်မှုပြုလုပ်စဉ် ညာဘက်ကျော ထိခိုက်အနာတရ ဖြစ်ထားသည်။ သို့သော်လည်း အချိန်မီ ပြန်ကောင်းလိမ့်မည်ဟု အီတလီနည်းပြက မျှော်လင့်ထားသည်။ **(အင်တာနက်)**

# ဂျပန်ကွင်းလယ်ကစားသမားကာဂါဝါ မန်ယူသို့ရောက်ရှိလာမည်

လန်ဒန် ဇွန် ၆



ရှင်ဂျီကာဂါဝါ

ဂျပန်လက်ရွေးစင်ဘောလုံးသမား ရှင်ဂျီကာဂါဝါသည် မန်ယူနှင့်ဒေါ့မွန်တို့ သဘောတူညီချက်ရရှိခဲ့ပြီးနောက် နွေရာသီတွင် မန်ယူသို့ပထမဆုံး ရောက်ရှိလာမည့် ကစားသမားဖြစ်သည်။ ဒေါ့မွန်နှင့်ကာဂါဝါ နှစ်ဦးနှစ်ဖက်စလုံးက မန်ယူသို့ ပြောင်းရွှေ့ရန်သဘောတူညီခဲ့ကြောင်း မန်ယူ၏ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းသဘောတူညီမှုသည် ကစားသမားဆေးစစ်မှုခံယူရန်နှင့် ပြိတိသျှအလုပ်ပါမစ်ရယူရန်သာ ကျန်ရှိတော့သည်။ မန်ယူက ကာဂါဝါအား ပေါင် ၁၂ သန်းဖြင့် ခေါ်ယူလိမ့်မည်ဟု မျှော်လင့်ရသည်။ ကာဂါဝါသည် ၂၀၁၀ ခုနှစ်က ဂျပန်ဂျေလိဂ်ကလပ်တစ်ခုဖြစ်သည့် အိုဆာကာမှ ယူရို ၃၅၀၀၀၀ ဖြင့် ဒေါ့မွန်သို့ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ၄င်းသည်ဒေါ့မွန်အသင်းတွင် ၄၉ ပွဲ ပါဝင်ကစားခဲ့ပြီး ၂၁ ဂိုးသွင်းယူနိုင်ခဲ့သည်။ ဒေါ့မွန်အသင်းကို ဖလားနှစ်လုံး ဆွတ်ခူးပေးနိုင်ခဲ့သည်။ အသက် ၂၃ နှစ်ရှိ ကာဂါဝါသည် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်ပြီး လောလောဆယ် ဂျပန်အသင်း၌ ကစားလျက်ရှိသည်။ **(အင်တာနက်)**

# လီဗာပူးတိုက်စစ်မှူး ဒက်ကွတ်ဇ် ဖီနာဘာချီနှင့် သုံးနှစ်စာချုပ်



နယ်သာလန် တိုက်စစ်မှူး ဒက်ကွတ်ဇ်

လန်ဒန် ဇွန် ၆

လီဗာပူးတိုက်စစ်မှူး ဒက်ကွတ်ဇ်သည် တူရကီကလပ် ဖီနာဘာချီနှင့် စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်။ နယ်သာလန်တိုက်စစ်မှူး ဒက်ကွတ်ဇ်သည် ဖီနာဘာချီအသင်းနှင့် သုံးနှစ် စာချုပ်ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

အသက် ၃၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒက်ကွတ်ဇ်သည် လီဗာပူးတွင် ခြောက်နှစ်ကြာကစားခဲ့ပြီးနောက် ထွက်ခွာသွားခဲ့ခြင်းဖြစ်သည်။ ၄င်းသည် ၂၀၀၆ ခုနှစ်မှစပြီး လီဗာပူးတွင် ကစားခဲ့ရာ ပွဲပေါင်း ၂၅၀ ကျော် ပါဝင်ကစားပေးခဲ့ပြီး စုစုပေါင်း ၇၁ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

**ပါဝင်ကစားခဲ့**

တိုက်စစ်မှူး ဒက်ကွတ်ဇ်သည် ယူရို ၂၀၁၂ ပြိုင်ပွဲတွင်လည်း နယ်သာလန်အသင်းနှင့်အတူ ပါဝင်ကစားလိမ့်မည်ဖြစ်သည်။ ၄င်းသည် နယ်သာလန်အသင်းအတွက် စတုတ္ထအကြိမ်မြောက်အဖြစ် ပါဝင်ကစားပေးမည်ဖြစ်သည်။ ဒက်ကွတ်ဇ်သည် ၂၀၀၆ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်တို့တွင် နယ်သာလန်အသင်းနှင့်အတူ ကမ္ဘာ့ဖလားပွဲများ ပါဝင်ကစားခဲ့သူဖြစ်သည်။ ယူရို ၂၀၀၈ တွင်လည်း ပါဝင်ကစားပေးခဲ့သည်။ **(အင်တာနက်)**

# ပတ်ဝန်းကျင်မပျက်စီးစေသော အစိမ်းရောင်စီးပွားရေး သင်တို့ပါဝင်ဆောင်ရွက်ပေး

## တက္ကသိုလ် တင်လက်ျာ

ဇွန်လ ၅ ရက်နေ့သည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်ပါသည်။ ကမ္ဘာ့ပတ်ဝန်းကျင်နေ့အား ၁၉၇၂ ခုနှစ်မှစ၍ စတင်ကျင်းပခဲ့သည်။ ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (UNEP) United Nations Environment Programme သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအား စုစည်း၍ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်နေ့ကို ရည်ရွယ်ချက်လေးခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

(၁) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများကို လူသားအားလုံး စာနာနားလည်နိုင်စေရန်။

(၂) လူသားတို့အား ရေရှည်တည်တံ့၍ အတူတကွ မျှဝေခံစားကြရမည့် တိုးတက်မှုကို ဖော်ဆောင်သည့် တက်ကြွသောစွမ်းအားရှင်များ အဖြစ်သို့ ရောက်ရှိလာနိုင်ရေး လုပ်ပိုင်ခွင့်များကို တိုးမြှင့်ပေးရန်။

(၃) လူ့အဖွဲ့အစည်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စများအပေါ် ပြောင်းလဲရှုမြင်ရာ၌ အဓိကကျသည်ဟူသော နားလည်မှုသဘောထားများကို ပိုမိုတိုးမြှင့်သွားရန်။

(၄) နိုင်ငံနှင့် လူသားများအားလုံးအတွက် ပိုမိုစိတ်ချလုံခြုံ၍ ကြွယ်ဝချမ်းသာသော အနာဂတ်ကို ရယူပိုင်ဆိုင်နိုင်ရေး သေချာမှုပေးနိုင်သည့် ပူးပေါင်းဆောင်ရွက်မှုများကို အားပေးထောက်ခံရန်တို့ ဖြစ်ပါသည်။

၂၀၁၂ ခုနှစ်၏ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်မှာ Green Economy: Does it include you? **“ပတ်ဝန်းကျင်မပျက်စီးစေသော အစိမ်းရောင်စီးပွားရေး သင်တို့ပါဝင်ဆောင်ရွက်ပေး”** ဟု သိရှိရပါသည်။

**အစိမ်းရောင်စီးပွားရေး**

အစိမ်းရောင်စီးပွားရေးလုပ်ငန်းဆိုသည်မှာ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိဘဲ ပတ်ဝန်းကျင်ရှိ ပြည်သူလူထု၏ လူမှုစီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးစေသည့် စီးပွားရေးလုပ်ငန်းများကို ခေါ်ပါသည်။

**အစိမ်းရောင်စီးပွားရေးလုပ်ငန်းတွင်-**

(၁) ပြန်လည်ပြည့်မြဲစွမ်းအင်ကဏ္ဍ
(၂) ဆောက်လုပ်ရေးကဏ္ဍ
(၃) သယ်ယူပို့ဆောင်ရေးကဏ္ဍ
(၄) ရေစီမံခန့်ခွဲရေးကဏ္ဍ
(၅) အလေအလွင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်
(၆) မြေစီမံခန့်ခွဲရေးကဏ္ဍဟူ၍ ကဏ္ဍ(၆)ခုခွဲ၍ အစိမ်းရောင်စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။

ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်မှ “အစိမ်းရောင်စီးပွားရေး” ကို လူသားများ၏ ချမ်းသာသုခနှင့် လူမှုရေးနယ်ပယ်တွင် သာတူညီမျှရှိမှုတို့ကို ဖော်ဆောင်သော သဘာဝပတ်ဝန်းကျင်အန္တရာယ်များနှင့် အပင်၊ သတ္တဝါတို့၏ ဆက်နွယ်မှုများ နည်းပါး ရှားပါးလာမှုတို့ကို သိသာထင်ရှားစွာ လျှော့ချပေးသော စီးပွားရေးဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထိုအရိုးရှင်းဆုံး ထုတ်ဖော်မှုတွင် အစိမ်းရောင်စီးပွားရေးကို ကာဗွန်လျှော့နည်းခြင်း၊ စွမ်းအင်ထိရောက်စွာ အသုံးချတတ်ခြင်းနှင့် စွမ်းအင်ဆိုင်ရာ ရင်းနှီးခြင်းတို့ ပေါင်းစပ်ထားသည့် အရာဟုလည်း အဓိပ္ပာယ်သက်ရောက်စေပါသည်။

**အစိမ်းရောင်စီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်ရခြင်းအကြောင်းရင်း**

အစိမ်းရောင်စီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်ရခြင်းအကြောင်းရင်းများမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကြောင့် လူသားတို့ လက်တွေ့ကြုံတွေ့နေရသော ဆင်းရဲမှုနှင့် ငတ်မွတ်ခေါင်းပါးမှုများကို လျှော့ချရန်နှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေဘဲ အလုပ်အကိုင်များနှင့်ဝင်ငွေများ တိုးတက်ရရှိစေရန်ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

ဆင်းရဲမှုလျှော့ချခြင်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ‘အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ’ (Green Economy) ဆောင်ရွက်ရန် သန့်ရှင်းသောစွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ကမ္ဘာ့မြေ ထိပ်သီးညီလာခံမှ ချမှတ်ပေးသော ‘ထောင်စုနှစ်ရည်မှန်းချက်’ (Millennium Development Goals)မှာ (၁) ဆင်းရဲမှုနှင့် ငတ်မွတ်ခေါင်းပါးမှုကို တိုက်ဖျက်ရန်၊ (၂) ကျား /မ အခွင့်အရေးညီမျှမှုကို တိုးမြှင့်ဆောင်ရွက်ရန်၊ (၃) အရွယ်ရောက်သူတိုင်း အခြေခံပညာရေး ပြီးမြောက်အောင်မြင်ရန်၊ (၄) ကလေးငယ်များ သေဆုံးမှုနှုန်းကို လျှော့ချရန်၊ (၅) မိခင်များကျန်းမာရေး အလေးပေးဆောင်ရွက်ရန်၊ (၆) အဓိကဖြစ်သော ရောဂါများကို တိုက်ဖျက်ရန်၊ (၇) သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရန်နှင့် (၈) ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်တို့ ဖြစ်သည်။

စီးပွားရေးအရ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ရုပ်ကြွင်းလောင်စာများအစား ပြန်လည်ပြည့်မြဲစွမ်းအင်များဖြစ်ကြသည့် ရေ၊ နေရောင်ခြည်၊ လေစွမ်းအင်များ၊ ဇီဝလောင်စာများ၊ ဇီဝဒြပ်ထုများ၊ သဘာဝဓာတ်ငွေ့များကို သုံးစွဲထုတ်လွှတ်ခြင်း၊ အဆောက်အအုံများအား သဘာဝအလင်းရောင်နှင့် စွမ်းအင်လုံလောက်စွာရရှိစေရန် နမူနာပုံစံထုတ်လုပ်ဆောက်လုပ်ခြင်း၊ ထုတ်ကုန်ပစ္စည်းများအား အသွင်အမျိုးမျိုးနှင့် တစ်ဖန်ပြန်လည်ပြုပြင်သုံးစွဲခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးကို အသုံးပြုမည့်အစား သဘာဝဓာတ်မြေဩဇာအား အစားထိုးအသုံးပြုခြင်းဖြင့် သဘာဝစိုက်ပျိုးရေးလုပ်ငန်း Organic Agriculure Farm များ လုပ်ကိုင်ခြင်း၊ ရေကိုစနစ်တကျ အလေအလွင့်မရှိစေဘဲ အကျိုးရှိရှိအသုံးချခြင်း၊ စိုက်ခင်းနှင့် တောင်ယာလုပ်ငန်းများတွင် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု အနည်းဆုံးစနစ်ဖြင့် စိုက်ပျိုးခြင်း၊ ကာဗွန်ထုတ်လွှတ်မှု လျော့ကျစေရန် သစ်တောပြုန်းတီးမှုအား လျော့ကျစေရေး ကာကွယ်တားဆီးသည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဥပမာ တောင်ပေါ်ဒေသ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ရာတွင် တောင်ယာခုတ်ပြီး တောင်ယာမီးရှို့သည့်၊ တောင်ယာစိုက်ပျိုးသည့်လုပ်ငန်းသည် သစ်တောပြုန်းတီးစေသည့်အပြင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုများ များစွာရှိနေသဖြင့် သစ်တောပြုန်းတီးရုံသာမက ပတ်ဝန်းကျင်လေထု၊ လေအရည်အသွေးကောင်းများကိုပါ လျော့နည်း ထိခိုက်စေပါသည်။ ၎င်းအပြင် သစ်တောစိုက်ခင်းများ တည်ထောင်သည့်လုပ်ငန်းများလုပ်ကိုင်ရန် နိုင်ငံအလိုက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့ပြအဆင့်မှ ကျေးလက်အဆင့်အထိ ထင်းစိုက်ခင်းများ ပန်းခြံများ၊ ဥယျာဉ်များအား မြို့ပြများတွင် တည်ထောင်ခြင်းတို့ ဖြစ်ကြပါသည်။ ၎င်းအပြင် သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်း Ecotourism လုပ်ငန်းများသည်လည်း အစိမ်းရောင်စီးပွားရေးလုပ်ငန်းများပင် ဖြစ်ပါသည်။

ထို့ကြောင့် ၁၉၉၂ ခုနှစ် ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျနေရိုးမြို့တွင် ကျင်းပခဲ့သော ကမ္ဘာမြေထိန်းသိမ်းရေးညီလာခံ (Earth Summit) က ချမှတ်ခဲ့သော ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ် (Agenda 21)၊ ၂၀၀၀ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ ထောင်စုညီလာခံမှ ချမှတ်ခဲ့သော ထောင်စုနှစ် ရည်မှန်းချက်များ (Millenium Development Goals)နှင့် ကမ္ဘာမြေထိန်းသိမ်းရေးညီလာခံ ကျင်းပပြီး ၁၀နှစ်အကြာ ၂၀၀၂ တွင် အာဖရိကနိုင်ငံ၊ ဂျိုဟာနစ်(စ်)ဘတ်မြို့တွင် ကျင်းပခဲ့သော “ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံ (World Summit on Sustainable Development) မှ ချမှတ်ခဲ့သော ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များသည် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအကြောင်းအရင်းများ ဖြစ်ပါသည်။

ရေရှည်တည်တံ့ဖွံ့ဖြိုးမှု (Rio+20)နှင့်ပတ်သက်သော ကမ္ဘာ့ကုလသမဂ္ဂ ညီလာခံကို ၂၀၁၂ ခုနှစ်၊ ဇွန် ၂၀-၂၂ အထိ ဘရာဇီးနိုင်ငံတွင် ပြုလုပ်မည် ဖြစ်ပါသည်။ (Rio+20) အမည်တွင် အဆိုပြုထားသည့်အတိုင်း ၁၉၉၂ ခုနှစ်မှ အစပြုကျင်းပခဲ့သော သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ကုလသမဂ္ဂ ညီလာခံ၏ နှစ်(၂၀)ပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပမည့်ပွဲလည်း ဖြစ်ပါသည်။

**အစိမ်းရောင်စီးပွားရေးသို့ ပြောင်းလဲဖော်ဆောင်ရာတွင် ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုမျှဝေခံစားရရှိနိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲနိုင်ရေး**

ယနေ့ကမ္ဘာပေါ်တွင် အလုပ်လက်မဲ့ဦးရေတိုးပွားလာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ဆက်လက်ရှားပါးလျက်ရှိရာ အထူးသဖြင့် လူငယ်များအတွက် (အစိမ်းရောင်စီးပွားရေး)၌ ယနေ့ကမ္ဘာပေါ်တွင် တွေ့ကြုံနေရသော စိုးရိမ်ဖွယ်ရာ စိန်ခေါ်မှုများပင်ဖြစ်ပါသည်။ World Watch Institude မှ ထုတ်ပြန်သော State of the World 2012 တွင်းမှ ထုတ်ပြန်သော စာစောင်တွင် “ခိုင်မြဲသော ကြွယ်ဝမှုသို့ရွေ့လျားခြင်း” ဟူသောခေါင်းစဉ်ဖြင့် ကမ္ဘာ့အလုပ်လက်မဲ့ဦးရေသည် ၂၀၀၇ ခုနှစ်တွင် ၁၇၇ သန်းရှိနေရာမှ ၂၀၁၀ တွင် ၂၀၅ သန်းသို့ ရောက်ရှိလာခဲ့ပြီးဟု ဖော်ပြထားပါသည်။ ထိုအစီရင်ခံစာသည် ယနေ့လူမှုစီးပွားရေးအကျပ်အတည်းများကို ရည်ညွှန်း၍ အစိမ်းရောင်စီးပွားရေး၏ အရေးပါမှုကို အထူးမြင်သာစေရန် မီးမောင်းထိုးပြလိုက်ခြင်း ဖြစ်ပါသည်။ ယနေ့ကမ္ဘာပေါ်တွင် စွန့်ပစ်ပစ္စည်းနှင့် ညစ်ညမ်းသောလေထုတို့အား ကမ္ဘာကြီး၏စုပ်ယူနိုင်မှုအင်အားသည် သယံဇာတပစ္စည်းများ ထုတ်ယူသုံးစွဲမှုများမြင့်တက်လာခြင်း၊ စွမ်းအင်နှင့်ရုပ်ဝတ္ထုပစ္စည်းတို့ အလားတူလိုက်လျောညီထွေသော သတ်မှတ်ချိန်အတွင်း ထုတ်လုပ်နိုင်မှုပမာဏတို့၏ စိန်ခေါ်မှုကို အထူးရင်ဆိုင်ကြုံတွေ့နေရပြီး ဖြစ်ပါသည်။

အပင်နှင့်သတ္တဝါတို့ သဘာဝပတ်ဝန်းကျင်နှင့် ဖွဲ့စည်းမှုဂေဟစနစ်အပေါ် ဖိအားပေးခြိမ်းခြောက်နေသော မြင်သာသည့် လမ်းကြောင်းအသွယ်သွယ်တွင် မျိုးရိုးဗီဇများ ပျောက်ကွယ်ခြင်းနှင့် သစ်တောများပြုန်းတီးခြင်းမှအစ ရေကဲ့သို့သော သဘာဝအရင်းအမြစ်တို့အား ညစ်ညမ်းစေမှုနှင့် အတိုင်းအဆမရှိလိုသည်ထက် ပိုမိုသုံးစွဲနေမှုတို့ ပါဝင်ပါသည်။ ၎င်းအပြင် Nature သတင်းဂျာနယ်စာစောင်၏ ဆန်းစစ်လေ့လာချက်အရ သက္ကရာဇ် ၂၀၀၉ ခုနှစ် အချိန်များကပင် အလွန်အန္တရာယ်ကြီးသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တံခါးပေါက်ကြီးကိုးခုတွင် အားလုံးလိုလိုပင် အကျော်အနင်းခံထားရခြင်း သို့တည်းမဟုတ် အကျော်အနင်းပြုရန် လမ်းကြောင်းများပေါ်တွင် သတ်မှတ်ရောက်ရှိပြီး ဖြစ်နေခြင်းကိုတွေ့ရှိကြရပြီး သက်ရှိတို့၏ တည်ရာ မှီရာဖြစ်သော ကမ္ဘာ့လေထုအဝိုင်းအဝန်း ကလနားသတ်ကိုပင် ထိုးဖောက်ထွက်ရန် တွန်းထိုးတာစူနေကြပြီးဖြစ်ကြောင်း တွက်ဆဖော်ပြထားပါသည်။

**အစိမ်းရောင်စီးပွားရေးနှင့် မြန်မာနိုင်ငံ**

မြန်မာနိုင်ငံသည် သဘာဝကပေးအပ်ထားသော ရေမြေနှင့် သစ်တောသယံဇာတများ လွန်စွာပေါကြွယ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည့်အားလျော်စွာ မြေသယံဇာတများကို အကျိုးရှိရှိ စီမံခန့်ခွဲအုပ်ချုပ်ခြင်းနှင့် စနစ်တကျ အသုံးပြုခြင်းဖြင့် အစိမ်းရောင်စီးပွားရေးကို အကောင်အထည်ဖော်နိုင်သည့် အခွင့်အလမ်းများရှိပါသည်။ နိုင်ငံအတွင်း သစ်တောပြုန်းတီးနေသော မြေနေရာများတွင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သီးနှံသစ်တောရောနှောစိုက်ခင်းများ တည်ထောင်ခြင်း၊ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းသည်လည်း အစိမ်းရောင်စီးပွားရေးလုပ်ငန်းများဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု၍ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေပါသည်။

သဘာဝတောများကို ထာဝစဉ်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ခြင်း၊ ထာဝစဉ်တည်တံ့ရန် စီမံအုပ်ချုပ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် တိုးပွားလာသော သစ်တောကာဗွန်ပမာဏကို အရောင်းအဝယ်ပြုလုပ်သော (Reducing Emission From Deforestation and Forest Degadaton-REDD+ နှင့် Clean Development Mechanism (CDM) တို့ကဲ့သို့ ကာဗွန်အရောင်းအဝယ်လုပ်ငန်းများ ပေါ်ထွက်လာပြီး ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစဉ်များသည် သစ်တောသယံဇာတများကို ခုတ်လှဲရန်မလိုဘဲ ထိန်းသိမ်းကာကွယ်ခြင်းဖြင့် သစ်ပင်သစ်တောများမှ စုပ်ယူသိုလှောင်ထားနိုင်သော အသားတင်ကာဗွန်ပမာဏအတွက် ဝင်ငွေများ ရရှိနိုင်သဖြင့် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်သော သစ်တောကဏ္ဍဆိုင်ရာ အစိမ်းရောင်စီးပွားရေးလုပ်ငန်းပင် ဖြစ်ပါသည်။

GreenBelt(**မြို့ပြအနီးရှိ အစိမ်းရောင်နယ်မြေများ**)လုပ်ငန်းသည် ကမ္ဘာပေါ်တွင် အစိမ်းရောင်စီးပွားရေးအား အထောက်အပံ့ဖြစ်နေသည့်လုပ်ငန်းတစ်ခုဖြစ်ရာ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီအနီးရှိ မေရီလင်း (Mary Land) ဒေသတွင် မြို့ပြအနီးရှိ အစိမ်းရောင်နယ်မြေများ (Green Belt)မှာ နှစ်ရာကျော်အောင်မြင်စွာ တည်ထောင်ထားသည့် စနစ်တကျသဘာဝတောများကို ထိန်းထားသည့် လုပ်ငန်းတစ်ရပ်ဖြစ်ခဲ့ကြောင်း သွားရောက်လေ့လာသိရှိခဲ့ပါသည်။ Green Belt မြို့ပြအနီးရှိ အစိမ်းရောင်နယ်မြေဆိုသည်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် အဆောက်အအုံများ တည်ဆောက်ခြင်းမပြုဘဲ မြို့ပြရိယာပတ်ပတ်လည်တွင် တောရိုင်းတိရစ္ဆာန်များ၊ စိုက်ပျိုးရေးမြေကွက်များ၊ အစိမ်းရောင်မြေများအဖြစ် စီမံကိန်းချမှတ်ပြီး မြေအသုံးချမှုတစ်ခုအဖြစ် ပြုလုပ်စီမံအုပ်ချုပ်သော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ဥပမာ-နေပြည်တော်ရှိ ဝန်ကြီးရုံး တစ်ခုနှင့်တစ်ခုကြားအားလည်းကောင်း၊ ဝန်ထမ်းအိမ်ရာ တစ်ခုနှင့်တစ်ခုကြားအား လည်းကောင်း ကွာခြားချန်လှပ်ခဲ့သည့် မြေနှင့်တောကျန်များအား Green Belt များအဖြစ် သတ်မှတ်ထိန်းသိမ်းထားနိုင်ပါသည်။ တစ်နည်းအားဖြင့် Green Belt ဆိုသည်မှာ သတ်မှတ်ထားသောနေရာများတွင် လုပ်ငန်းများကို ပြုလုပ်ခြင်းကို တားမြစ်ထားပြီး တောရိုင်းတိရစ္ဆာန်များနေနိုင်ရန်နှင့် လာရောက်ကျက်စားနိုင်ရန် ပြုလုပ်ထားသောနေရာကို ဆိုလိုခြင်းဖြစ်သည်ဟုလည်း လေ့လာသိရှိရပါသည်။ ထို့အပြင် Green Belt အစိမ်းရောင်နယ်မြေတွင် သစ်တောထိန်းသိမ်းသည့် လုပ်ငန်းများကြောင့် ၎င်းဒေသသည် ရေသယံဇာတအရင်းအမြစ် ထိန်းသိမ်းမှုများကိုပါ အထောက်အပံ့များစွာ ရရှိလျက်ရှိပါသည်။ ဥပမာအားဖြင့် ၂၀၁၁ ခုနှစ် မိုးရာသီအတွင်း ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့လယ်ရှိ ရေကြီးမှုများနှင့် ရင်ဆိုင်ခဲ့ရခြင်း၏ အဓိကအကြောင်းအချက်များမှာ ဗန်ကောက်မြို့အတွင်း Green Belt မြို့ပြများအနီးရှိ အစိမ်းရောင်နယ်မြေများ ထားရှိမှုများသည် များစွာအားနည်းလျက်ရှိခဲ့ခြင်းကြောင့် ရေကြီးမှုဘေးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

နိဂုံးချုပ်အနေဖြင့် ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်၏ အလုပ်အကိုင်များအပေါ်တွင် “အစိမ်းရောင်စီးပွားရေး”၏ သက်ရောက်မှုအလားအလာများကို ခွဲခြားဖော်ထုတ်ရာ၌-

(၁) အလုပ်အကိုင်အခွင့်အလမ်းများ များပြားစွာဖော်ထုတ်လာနိုင်ခြင်း၊

(၂) အချို့အလုပ်အကိုင်နေရာများတွင် အစားထိုးအလုပ်အကိုင်များ ဝင်ရောက်လာနိုင်ခြင်း၊

(၃) အချို့အလုပ်အကိုင်များတွင် တိုက်ရိုက်အစားထိုးခြင်းမရှိဘဲ ဖယ်ရှားခံရနိုင်ခြင်း၊ (ထုပ်ပိုးပစ္စည်းများ အသုံးပြုမှုဟန့်တားမှုများ ဖြစ်ပေါ်နိုင်ခြင်း)

(၄) လက်ရှိအလုပ်အကိုင်အများစုမှာ ကျွမ်းကျင်မှုအလွှာများအဖြစ် ပြောင်းလဲသတ်မှတ်ခံရနိုင်ခြင်း စသည်တို့ ဖြစ်ပေါ်လာနိုင်ပါသည်။

အစိမ်းရောင်စီးပွားရေးသို့ကူးပြောင်းရာတွင် လူထုထောက်ခံမှုရရန်မှာ အစိုးရများသည် စီးပွားရေးနှင့်အများပြည်သူရေးကို ရှင်းလင်းစွာ ရှုမြင်ကြရမည်ဖြစ်ပြီး အသွင်ကူးပြောင်းခြင်း ကုန်ကျစရိတ်များတွင် မပြောင်းလဲဘဲထားရှိခြင်း၏ ကုန်ကျမှုနှင့် ပြောင်းလဲလိုက်ခြင်းကြောင့်ရရှိသည့် အကျိုးဖြစ်ထွန်းမှုတို့၏ နှိုင်းယှဉ်မှုတို့ ပါဝင်လျက်ရှိကြောင်း ဖော်ပြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



**ပေးအပ်လှူဒါန်း**

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၅) သင်တန်းဆင်းများက ထာဝရဆွမ်းပဒေသာပင်နှင့် ထာဝရအထွေထွေပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဖျာပုံမြို့နယ်၌ သစ်ပင်စိုက်ပျိုး

**ဖျာပုံ ဇွန် ၆**

ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၇ နာရီက ဖျာပုံမြို့နယ် ဖျာပုံတမံကျေးရွာ ဖျာပုံ-ဘိုကလေးကားလမ်း ဘေးဝဲ/ယာ၌ ကျင်းပသည်။ အခမ်းအနားတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်း ဦးဆောင်၍ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖျာပုံမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကြည်လင်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ တက်ရောက်ပြီး NGO အဖွဲ့အစည်းဖြစ်သည့် Action Aid မှ လူငယ် ၅၀ ခန့်နှင့်အတူ ဖျာပုံမြို့မှ ဘိုကလေးကားလမ်း မိုင်တိုင် ၃/၃အထိ ကျွန်း ၈၈ ပင်၊ မာလာလူးကား ၃၂၇ ပင်၊ ယူကလစ် ၂၈၅ ပင်စသည့် စိုက်ပျိုးပင် ၇၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ယာပုံ) (ခရိုင် ပြန်/ဆက်)**



## ငါန်းဇွန်၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

**ငါန်းဇွန် ဇွန် ၆**

ငါန်းဇွန်မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို အထက ငါန်းဇွန်အောင်ဆန်းခန်းမ၌ မေ ၂၇ ရက်က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးတင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးမွေးကြူက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဒါန်းသော ဗလာစာအုပ် ၆၃၂၅ ဒါဇင်ကို မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက မြို့နယ်ပညာရေးမှူးထံ ပေးအပ်သည်။ ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က လှူဒါန်းသော ဗလာစာအုပ်ဒါဇင် ၃၀၀၀ ကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်သူက ပေးအပ်လှူဒါန်းရာ အထက ငါန်းဇွန်ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက လက်ခံယူသည်။ **(ပညာရေး)**

# သဲတော-ဝမ်းတွင်းမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာနှင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်ပျက်စီးခြင်းမှ ကာကွယ်ရန် ရေနုတ်မြောင်းများတူးဖော်

**သတင်းဆောင်းပါး-မောင်တွေးထက် ဓာတ်ပုံမှတ်တမ်း-ကိုထွေး**

**နေပြည်တော် ဇွန် ၆**

ဇွန်လဆန်းသည်နှင့် မုတ်သုံဝင်၍ လာချေပြီ။ မုတ်သုံမိုးဖြိုင်ဖြိုင်ရွာသည်နှင့် ယခင်က ပပ်ကြားအက်၍ ခြောက်သွေ့နေသော လယ်ကွက်များတွင် ရေတဖွေးဖွေး ဖြစ်လာသည်။ နွေရာသီကာလ ရေရှားပါးမှုကြုံခဲ့ရသဖြင့် မိုးကိုမျှော်နေကြသူများ မျှော်ရကျိုးနပ်၍ ပျော်ကြရလေပြီ။

သို့သော် မုတ်သုံမိုးက အရှိန်ကောင်းကောင်းဖြင့် တစ်ရက်ပြီး တစ်ရက် ဆက်တိုက်ရွာသည့်အပြင် မိုးရေချိန်လက်မ များပြီဆိုလျှင်ဖြင့် ရေကြီးနစ်မြုပ်ပျက်စီးမှု အန္တရာယ်ကို ကြုံတွေ့ရတတ်လေသည်။ ယင်းသို့မဖြစ်ပေါ်ရလေအောင် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှသာ တော်ရုံကျပေလိမ့်မည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သဲတော-ဝမ်းတွင်းမြို့နယ်သည် ပူပြင်းခြောက်သွေ့သော ဒေသတစ်ခုဖြစ်ပြီး မိုးရာသီကာလ၌ပင် မိုးရွာသွန်းမှုနည်းပါးသည်။ မှတ်တမ်းများအရ သဲတော-ဝမ်းတွင်းမြို့နယ်၌ နှစ်စဉ်ပျမ်းမျှ မိုးရေချိန် ၂၉ လက်မခန့်သာ ရွာသွန်းကြောင်း သိရသည်။ သို့သော်လည်း အချို့သောနှစ်များ၌ မမျှော်လင့်ဘဲ မိုးရေချိန်လက်မ များပြားစွာ ရွာသွန်းခဲ့သဖြင့် ဝမ်းတွင်းမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ ရေကြီးနစ်မြုပ်မှုရှိခဲ့ပြီး လယ်ယာမြေများပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့လေသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနသည် ပူပြင်းခြောက်သွေ့သော မိတ္ထီလာလွင်ပြင် ရေရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်းကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ အဆိုပါစီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အတွင်း ဧက ၈၀၀၀၊ သာစည်မြို့နယ်အတွင်း ဧက ၂၂၀၀၀ ပါဝင်သည်။

စီမံကိန်းမစတင်မီ မြေပြင်တိုင်းတာခြင်းလုပ်ငန်း၊ ဒေသတွင်းမိုးရွာသွန်းမှုအခြေအနေ၊ ချောင်းရိုးများအတွင်း ရေစီးဆင်းမှုအခြေအနေနှင့် လက်ရှိသီးနှံစိုက်ပျိုးမှု အခြေအနေတို့ကို စူးစမ်းလေ့လာ၍ ဒီဇိုင်းပုံစံ ရေးဆွဲခဲ့သည်။ စီမံကိန်း၏ ရည်ရွယ်ချက်မှာ မြို့ကြီးရေလှောင်တမံ တည်ဆောက်ပြီးစီးပါက ပြောင်းပြာနှင့် ငလိုင်းဇင်ရေသောက်စနစ်များသို့ မြို့ကြီးဆည်မှ ရေပေးဝေစေပြီး ကင်းတားရေလွှဲဆည်တွင် ပိုမိုလာမည့်ရေပမာဏများထဲမှ ကျူ့ဆက် ၆၀၀ ကို ရေတင်စက်ရုံတည်ဆောက်၍ ရေစုပ်တင်ကာ မိတ္ထီလာလွင်ပြင်ဒေသ ဧက ၃၀၀၀၀ကိုရေတင်အဆင့် ရှစ်ဆင့်ဖြင့် စိုက်ပျိုးရေပေးဝေရန် ဖြစ်သည်။

မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်း အကောင်အထည်ဖော်သည့် ၂၀၀၄ ခုနှစ်မှ စတင်၍ ဝမ်းတွင်းမြို့၊ သဲတောမြို့၊ တောင်ဆည်ကျေးရွာ၊ ကျွဲသားကျေးရွာ၊ ညောင်အုပ်ဖီးကျေးရွာတို့နှင့် ပတ်ဝန်းကျင်လယ်ယာမြေများ၌ နှစ်စဉ်ရေကြီးမှုရှိခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် မိုးရေချိန်လက်မများပြားစွာရွာသွန်းခဲ့ရာ ရေကြီးနစ်မြုပ်ပျက်စီးမှုများ ကြုံတွေ့ခဲ့ရသည်။ ထိုသို့ ရေကြီးနစ်မြုပ်ရခြင်း၏ အကြောင်းရင်းကို လေ့လာ၍ မြောင်းများ၊ ရေထုတ်ပေါက်များနှင့် ရေပေးဝေတူးမြောင်းဖောက်လုပ်ခြင်း (Canal Network) ကို သေချာစွာတွက်ချက်၍ နှစ်စဉ်မြောင်းများ ကျိုးပေါက်ခြင်း၊ သဲပို့ခြင်းများကိုကာကွယ်ရန် ဆောင်ရွက်ခဲ့သည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ကျွမ်းကျင်ပညာရှင် ဦးမောင်မောင်ဌေး ခေါင်းဆောင်သောအဖွဲ့နှင့် မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်းမှ အင်ဂျင်နီယာများပူးပေါင်း၍ မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်း၏ မြောင်းမကြီးနှင့် ရေနုတ်မြောင်းတူးဖော်မည့်နေရာတို့ကို အကြိမ်ကြိမ်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် ဝမ်းတွင်းမြို့၏ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၉ ခုနှစ်အထိ ၁၀ နှစ်တာ နေ့စဉ်မိုးရေချိန်များကို လေ့လာ၍ ၁၀ ရက်ဆက်တိုက်ရွာသွန်းသော စုစုပေါင်း အများဆုံးမိုးရေချိန်များကို တွက်ချက်ရယူခဲ့သည်။

အဆိုပါ တွက်ချက်မှုများအပေါ်မူတည်၍ ရေဝေရေလဲဧရိယာ ၂၂ စတုရန်းမိုင်အတွက် ရွှဲသီးကျေးရွာအနီး၌ အကျယ် ပေ ၆၀၊ အနက် သုံးပေ၊ အလျား တစ်မိုင်ရှိ ရေနုတ်မြောင်းကိုလည်းကောင်း၊ ရေဝေ ရေလဲဧရိယာ ၇ စတုရန်းမိုင်အတွက် ကျွဲသားကျေးရွာအနီး၌ အကျယ် ၃၅ ပေ၊ အနက် သုံးပေ၊ အလျား နှစ်မိုင်ရှိ ရေနုတ်မြောင်းကိုလည်းကောင်း တူးဖော်ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်နိုင်မှုကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့သော်လည်း သဲတော-ဝမ်းတွင်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှု လုံးဝမရှိခဲ့ချေ။

မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်း စီမံကိန်းကြီးကြပ်မှု အင်ဂျင်နီယာ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးစိုးမြင့်က သဲတော-ဝမ်းတွင်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ပြောကြားရာတွင် "သဲတော-ဝမ်းတွင်းမြို့နယ်အတွင်း ၂၀၀၁ခုနှစ်မှာ မိုးသည်းထန်စွာရွာသွန်းခဲ့လို့ ရေလွှမ်းမိုးမှုဖြစ်ပြီး လူအသေအပျောက်ရှိခဲ့ပါတယ်။ ၂၀၀၄ခုနှစ် နိုဝင်ဘာ ၁၅ရက်က စတင်ပြီး တူးမြောင်းနဲ့ တူးမြောင်းအဆောက်အအုံတွေ စတင်တည်ဆောက်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မတိုင်မီအထိ နှစ်စဉ် မိုးရွာသွန်းမှုများတဲ့ရက်တွေမှာ တူးမြောင်းတွေ ကျိုးပေါက်ပြီး သဲနုန်းပို့ခြင်းတွေဖြစ်ပေါ်ခဲ့ပါတယ်။ ဝမ်းတွင်းမြို့မှာ ၂၀၁၀ ခုနှစ် ဇူလိုင် ၂၈ ရက်က မိုးရေချိန် ၆ ဒသမ ၂၁ လက်မနဲ့ ၂၀၁၀ ခုနှစ် ဩဂုတ် ၂၅ ရက်က မိုးရေချိန် ၃ ဒသမ ၂ လက်မ ရွာသွန်းခဲ့ပြီး အဲဒီနေ့တွေမှာပဲ လွင်ပြင်ဒေသရှိ စီမံကိန်း ရှင်းလင်းဆောင်မှာ ၈ ဒသမ ၄၅လက်မအထိ ရွာသွန်းခဲ့ပါတယ်။ သဲတော ရပ်ကွက်နဲ့ စီမံကိန်းဧရိယာရှိ မြောက်ဆည်ရွာ၊ ခင်ကြီး၊ ခင်ဘန်း၊ ကျွဲသား၊ ညောင်အုပ်ဖီး၊ တောင်ဆည်ရွာနဲ့ ကုန်းကျေးရွာတွေမှာ ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်း စီမံကိန်း တာဝန်ခံအင်ဂျင်နီယာ (ဦးစီးအရာရှိ) ဦးမျိုးမင်းထွန်းက ပြောကြားရာတွင် "မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင် စီမံကိန်းဟာ ဝမ်းတွင်းမြို့နယ် ကုန်းရွာမှ အစပြုပြီး သံလမ်းနှင့်အပြိုင်တောင်ဘက်ကို ပင်မမြောင်း တည်ဆောက်ထားတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ရေတင်စီမံကိန်းတွေရဲ့ သဘောသဘာဝအရ ရေရှိရာ အနိမ့်မှအမြင့်သို့ မြှင့်တင်ရေပေးဝေရပါတယ်။ ပင်မမြောင်းရဲ့ အရှေ့ဘက်အခြမ်းမှာ ရှမ်းရိုးမရှိပြီး အနောက်ဘက်မှာ ဝမ်းတွင်းမြို့က တောင်စဉ် တောင်တန်းတွေ ကာရံထားပြီး ပင်မမြောင်းနဲ့ အပြိုင် အနိမ့်ဆုံးဖြစ်တဲ့ စမုံချောင်း တည်ရှိပါတယ်။ စမုံချောင်းဘက်သို့ တဖြည်းဖြည်းနိမ့်ဆင်းသွားတဲ့ Tarrain ပေါ်မှာ စီမံကိန်းဧရိယာ တည်ရှိပါတယ်။ ယခင်နှစ်များစွာက တိမ်ကောသွားတဲ့ချောင်းရိုး၊ မြောင်းရိုးတွေလည်း ရှိပါတယ်။ အဓိကအားဖြင့် စိုက်ပျိုးမြေချဲ့ထွင်ခြင်းနဲ့ လူနေအဆောက်အအုံများ တည်ဆောက်ခြင်းတို့ကြောင့် ချောင်းရိုး၊ မြောင်းရိုးတွေပျောက်ကွယ်မှုရှိခဲ့ပါတယ်။ ရေကြီးနစ်မြုပ်မှုရဲ့ အဓိကအကြောင်းအရင်းတွေကတော့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်ငယ်၊ ကန်ငယ်တွေ ပြည့်လျှံရုံသာမက ကျိုးပေါက်ပျက်စီးခြင်း၊ Natural Drainage System တွေ တိမ်ကော၊ ပိတ်ဆို့ပျက်စီးခြင်း၊ အဓိကရေထုတ်ရာ ဝမ်းတွင်းချောင်းနဲ့ စမုံချောင်းကြမ်းခင်း (Bed) မြင့်တက်လာခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်ဩဂုတ် ၂၅ ရက်မှာ ရွာသွန်းတဲ့ မိုးကြောင့် သဲတော(၃) ရပ်ကွက်နဲ့ စီမံကိန်းဧရိယာအတွင်းရှိ အချို့ကျေးရွာတွေ ရေနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ပါတယ်။ နောက်နောင် မဖြစ်ပေါ်စေဖို့အတွက် Natural Drainage System တွေဖော်ထုတ်ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ လုပ်ငန်းတွေစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ခဲ့မှုကြောင့် ၂၀၁၁ ခုနှစ် မိုးတွင်းကာလမှာ ရေထုတ်မှုအားကောင်းမွန်ပြီး ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခြင်း မရှိခဲ့ပါဘူး"ဟု ပြောကြားသည်။

ထို့နောက် မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်းမှ ဦးစီးအရာရှိ ဦးသူရဝင်းက ပြောကြားရာတွင် "ရေကြီးနစ်မြုပ်မှုဖြစ်စဉ်ကို ပညာရှင်တွေနဲ့ ကွင်းဆင်းလေ့လာရာမှာ ယခင်တစ်ဖက်ရပ် ဆည်ကန်များသဲနုန်းပို့၍ တိမ်ကောနေခြင်း၊ ရေဆိုးထုတ်ရေနုတ်မြောင်းတွေ သဲနုန်းပို့ပြီး ရေစီးရေလာပိတ်ဆို့နေခြင်း၊ သဲတော-ဝမ်းတွင်းမှ စီးဆင်းလာသော ရေဆိုးမြောင်းတွေဟာ သဲနုန်းပို့ပြီးချုံနွယ်ပိတ်ပေါင်းတွေကြောင့် ရေစီးရေလာ ပိတ်ဆို့မှုဖြစ်ပေါ်နေခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် သဲတောမှစပြီး ရပ်ကွက်အတွင်း ရေနုတ်မြောင်းတွေ ရေစီးရေလာကောင်းမွန်ဖို့ သဲနုန်းဆယ်ခြင်း၊ သံလမ်းရေဆိုးထုတ်မှစပြီး ကျွဲသားရေနုတ်မြောင်းကို သဲနုန်းဆယ်ခြင်းနဲ့ မြောင်းချဲ့ခြင်း၊ ကင်းတားလက်ဝဲမြောင်းရေဆိုးထုတ်အဝင်အထိ စမုံချောင်းအတွင်း စီးဝင်ရာရေလမ်းကြောင်းကို ပြုပြင်ဖောက်လုပ်ခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်" ဟု ပြောကြားသည်။

ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက တာဝန်ယူတည်ဆောက်သော မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်းသည် ရေရရှိရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုသည့် စီမံကိန်းဖြစ်ပြီး ဒေသအတွင်းရေကြီးနစ်မြုပ်မှုမဖြစ်ပေါ်စေရန် အစီအမံများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ သဲတော-ဝမ်းတွင်းမြို့နယ်အတွင်း နှစ်စဉ်သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်ခြင်း၊ လူနေအိမ်များ ရေကြီးနစ်မြုပ်ခြင်းတို့ကို ကာကွယ်ပေးနိုင်ခဲ့ပြီးလမ်းပန်းဆက်သွယ်မှုလည်း အဆင်ပြေကောင်းမွန်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။



သဲတော-ဝမ်းတွင်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန် ရွှဲသီးချောင်း ရေဆိုးထုတ်မြောင်းဖောက်လုပ်နေသည်ကို တွေ့ရစဉ်။



## ကျောင်းအပ်နှံရေးနေ့အခမ်းအနား ဟသ်ာတ၌ကျင်းပ

**ဟသ်ာတ ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက ဟသ်ာတမြို့ အထက(၁)ဟသ်ာခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် တိုင်းဒေသကြီး သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးစိုးမြင့်က အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူး (စစ်ဆေးရေး)ဦးမင်းနိုင်က မူလတန်းအဆင့်ကျောင်းသုံးစာအုပ်များ အခမဲ့ဖြန့်ဝေခြင်းနှင့် ဗလာစာအုပ်များ အခမဲ့ဖြန့်ဝေခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဟသ်ာတမြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ကြင်ဌေးက ကျောင်းအပ်နှံရေးနေ့ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး အခမဲ့ဖြန့်ဝေသော မူလတန်းအဆင့်ကျောင်းသုံးပုံနှိပ်စာအုပ်များကို ပညာရေးဌာန ကိုယ်စားဝန်ကြီးက ပေးအပ်ရာ ဟသ်ာတမြို့နယ် ပညာရေးမှူးက လက်ခံယူသည်။ **(အပေါ်ပုံ)** ဆက်လက်ပြီး ပညာရေးစေတနာရှင်များစုပေါင်းလှူဒါန်းသောပစ္စည်းနှင့် ငွေကျပ်ငါးဆယ့်နှစ်သိန်းရှစ်သောင်းကိုးထောင်ကို တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ဝ၇၅)**



## သီပေါ၌ ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်

**သီပေါ ဇွန် ၆**

ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ ချေးယူ၍ ပျံ့ကျဈေးသည် ၁၃၆ ဦးအား ထုတ်ချေးပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ ချေးငွေချေးယူထားသော ပျံ့ကျဈေးသည်များ၏ သားသမီးများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၀ ရက်က သီပေါမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့ဥက္ကဋ္ဌ၊ သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦးနှင့်အဖွဲ့က အထက်တန်းအဆင့် ၃၇ ဦး၊ အလယ်တန်းအဆင့် ၃၃ ဦးနှင့် မူလတန်းအဆင့် ၄၈ ဦး စုစုပေါင်း ၁၁၈ ဦးတို့အတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၈၀၀၅၀၀ ရှိ ကျောင်းဝတ်စုံများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

## အနံ့ အသက်ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ အုတ်ဖို(၁)ရပ်ကွက် ရှမ်းစုလမ်းရှိ သံဂဟေဆက်အလုပ်ရုံများနှင့် ဆိုင်ကယ်ပြင်ဆိုင်များမှ ထုရိုက်သံနှင့် ဆေးမှုတ်အနံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်သည့်အပြင် လျှပ်စစ်မီးသုံး၍ လုပ်ငန်းဆောင်ရွက်နေခြင်းတို့ကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ကျန်းမာရေးလိုက်စားသူ**

## လမ်းဘေးကျူးကျော်ဆိုင်ခန်းများ ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပန်းတိုင်ကျေးရွာ ပုသိမ်-ရန်ကုန်လမ်းမကြီး ဘေးဝဲယာ ကျူးကျော်ဆိုင်ခန်းများမှ အညစ်အကြေးများ စွန့်ပစ်ခြင်းကြောင့် ကျေးရွာပြည်သူများကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျေးရွာသား**

## ကျူးကျော်အိမ်များ ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

မိတ္ထီလာမြို့ ရတနာမာရ်အောင်ရပ်ကွက် နယ်မြေ(၁)အတွင်းရှိ စည်ပင်မြောင်းမြေများတွင် ကျူးကျော်ဆောက်လုပ်ထားသော ကျူးကျော်အိမ်များကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရသည့်အတွက် ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**မီးဘေးစိုးရိမ်သူ**


## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ


## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၅ ရက်နေ့ထုတ် ၌ သတင်းစာ စာမျက်နှာ ၂ ကော်လံ ၅ တွင် ဖော်ပြပါရှိခဲ့သော သတင်း၌ "အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့" အစား "အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်"ဟူ၍ ပြင်ဆင်ဖတ်ရှုပါရန်။



## (၄၂)ကြိမ်မြောက် သွေးလှူဒါန်း

**ရန်ကုန် ဇွန် ၆**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရဲစခန်းမှ ရဲတပ်ကြပ်စိုးသိန်းသည် မေ ၃၀ ရက်က သင်္ဃန်းကျွန်းစံပြဆေးရုံကြီးတွင် (၄၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)**

**(မြန်မာ့အလင်း)**

## လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ် ၂၇ နေ
(ဦးအောင်ခင်ဟိုက်)-ဒေါ်ခွန်နုတို့၏ မြေး
ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အရှေ့စောရန်ပိုင်ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၅ နေ
ဒေါ်ကျင်ကြူး၊ ဒေါ်စွမ်း(ရှမ်းမယိုစုံ)တို့၏တူ၊
ဦးမောင်စိန်-ဒေါ်ကြည်ကြည်မာ(ကမ်းရိုးတန်းသင်္ဘောပိုင်ရှင်)တို့၏
တစ်ဦးတည်းသော သား

**မောင်အောင်ကျော်မိုး**

**B.Sc(Biochemistry)(Smart Internet)**

နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၂၆ နေ
(လီကောင်ချန်(ခ)ဦးခ-ဒေါ်တန်စွတ်အိန်(ခ)ဒေါ်လှိုင်တီ)နှင့်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တော်ဝင်ရိပ်သာလမ်း၊ အမှတ် ၁၃၅(A)နေ
(ဦးစိန်မြ)-ဒေါ်အေးသန်း(စန်းသီဂီအော့ဖ်ဆက်)တို့၏မြေး၊
ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၈၀ နေ
လီချူစိန်(ခ)ဦးမောင်မောင်စိန်-ဒေါ်မြစန်း(Lighthouse Co., Ltd.)တို့၏
တစ်ဦးတည်းသော သမီး

**မနိုင်နိုင်မော်**

**Diploma in Accounting(UK),Diploma in Financial Management(Singapore)**

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီခွင့်ပြုချက်အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် ၁၀-၅-၂၀၁၂ ရက်၌ လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်ကျော်မိုး-မနိုင်နိုင်မော်**




**လူပျောက်ကြော်ငြာ**

မဇင်မာခင်စိုး ၁၀/မလမ(နိုင်)၁၈၁၂၄၅ အမြန်ပြန်လာပါ။ လက်ခံထားသူအား ထိရောက်စွာ အရေးယူမည်။

**အဖေ-အမေ**




## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနက အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအတွက် အခြေခံစိုက်ပျိုးရေး ဘာသာရပ်ဆိုင်ရာ စာအုပ်(၁၁)မျိုးအား စက္ကူနှင့် ပုံနှိပ်ချုပ်လုပ် ထုပ်ပိုးခြင်း အပါအဝင် လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ ပေးသွင်းရမည့် ပုံစံများကို ရုံးအမှတ်(၁၃)၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် ၂၀၁၂ခုနှစ် ဇွန် ၈ ရက်မှစ၍ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်မှာ ၂၀၁၂ခုနှစ် ဇွန် ၁၅ရက် ညနေ ၁၆ နာရီ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးအမှတ် (၁၃) ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော် ဖုန်းအမှတ်-၀၆၇-၄၀၇၂၆၅၊ ၀၆၇-၄၀၇၅၂၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ**
**ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်**

## အဆို ဝါသနာရှင်များခေါ်ယူခြင်း

Celebrity Music Entertainment မှ စီစဉ်ထုတ်လုပ်လျက်ရှိသော တေးစီးရီး (VCD, DVD) များတွင် ပါဝင်သီဆိုနိုင်ရန် အဆိုဝါသနာရှင်များ လက်ခံခေါ်ယူလျက် ရှိပါသည်။ စိတ်ပါဝင်စားသူများအနေဖြင့် အောက်ပါလိပ်စာ အတိုင်း ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**လိပ်စာ-တိုက် ၂၂၁၊ အခန်း ၆၊ ရန်ကင်းမြို့နယ်**
**၁၂ လုံးတန်း မှတ်တိုင်အနီး၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၁၆၀၂၉၈၊ ၀၉-၂၀၀၁၈၁၅၈၊ ၀၉-၇၃၀၄၂၃၂၅**

## အမြန်ပြန်လာပါ

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အမှတ် ၂၀၉၊ ၂၀လမ်း၊ ရန်ဝေးရပ်၊ အောင်ရတနာအုပ်စုနေ (ဘ) ဦးဦးစံလွင်၏သမီး မစိုးစိုးခင်သည် နေအိမ်မှ ဆင်းသွားပါသဖြင့် အမြန်ပြန်လာပါ။

**ဗညားစိမ်း ၁၁/စတန(နိုင်)၀၆၈၂၃၇**
**အမှတ်(၂၀၉)၊ ၂၀ လမ်း၊ ရန်ဝေးရပ်၊ မကွေးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် ၈၀/၁၀၀ အမျိုးအစား လမ်းခင်းကတ္တရာတန် ၃၅၀၀ကို အောက်ပါအတိုင်း CIF/Yangon စနစ်ဖြင့် ဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | ၈၀/၁၀၀ အမျိုးအစား လမ်းခင်းကတ္တရာ | ၃၅၀၀ တန် |

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၀-၆-၂၀၁၂ရက် ၁၆း၀၀ နာရီ ဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀ (ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဘုရားကြီးရွာ မြောက်ပိုင်းနေ ဦးတင်ကြည်၏သမီး မခင်ခင်ဦး ၁၂/တတန(နိုင်)၁၉၂၈၉၈နှင့် မခင်ခင်နုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မခင်ခင်ဦး(ခ)ခင်ခင်နု ၁၂/တတန(နိုင်)၁၉၂၈၉၈**










**ဖခင်အမည်မှန်**

မိုးကောင်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်းမှ မစုစုခိုင်နှင့် အထက(၁) အဋ္ဌမတန်းမှ မောင်ဝေယံလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းဖြစ်ပါသည်။

**ဖခင်အမည်မှန်**

မိုးကောင်းမြို့၊ ဆားမော်(အထက)၊ ပဉ္စမတန်းမှ မနှင်းဝတ်ရည်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းထက် ၅/မရန(နိုင်)၀၀၉၅၈၁ ဖြစ်ပါသည်။




## ပြင်ဆင်ဖတ်ရှုပါရန်

၆-၆-၂၀၁၂ရက်ထုတ် စာမျက်နှာ ၁၃ပါ မြန်မာ့မီးရထားမှ အိတ်ဖွင့်တင်ဒါကြော်ငြာအား ၇-၆-၂၀၁၂ ရက်ထုတ် စာမျက်နှာ ၁၆ ပါ ကြော်ငြာဖြင့် အစားထိုး ဖတ်ရှုပါရန်။

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (လူ့စွမ်းအားမြှင့်တင်ရေးနှင့်လေ့ကျင့်ပညာပေးရေးကော်မတီ) အသိပေးကြေညာချက်(၄/၂၀၁၂)

### ကျောက်မျက်ပညာသင်တန်း၊ သင်တန်းသားများခေါ်ယူခြင်း

### ၂၀၁၂ ခုနှစ် ဇွန်လ ၅ ရက်

၁။ အောက်ဖော်ပြပါသင်တန်းများသို့ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဝင်၊ အသင်းသားများနှင့် ကျောက်မျက်ပညာလေ့လာလိုက်စားသူများ တက်ရောက်နိုင်ပါသည်။

| | | |
|---|---|---|
| (က) **ကျောက်မျက်ပညာသင်တန်း** | - | အခြေခံကျောက်မျက်ပညာသင်တန်း O-Level (အပတ်စဉ်-၁၂) အဆင့်မြင့် ကျောက်မျက်ပညာသင်တန်း A-Level (အပတ်စဉ်-၄) |
| (ခ) **ချီးမြှင့်မည့်လက်မှတ်** | - | Certificate of Competency |
| (ဂ) **ပညာအရည်အချင်း** | - | အခြေခံပညာအထက်တန်း |
| (ဃ) **သင်တန်းစတင်ဖွင့်လှစ်မည့်နေ့** | - | ၂၅-၆-၂၀၁၂ |
| (င) **သင်တန်းကာလ** | - | ရက်သတ္တပတ်(၁၀)ပတ်ခန့် |
| (စ) **သင်တန်းချိန်** | - | နံနက် ၀၇း၃၀ မှ ၀၉း၃၀ နာရီ |
| (ဆ) **သင်တန်းပို့ချမည့်နေရာနှင့် လျှောက်လွှာလက်ခံမည့်နေရာ** | - | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြေညီထပ်၊ အခန်း ၇၊ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| (ဇ) **လျှောက်လွှာလက်ခံမည့်နေ့ရက်** | - | ၁၁-၆-၂၀၁၂ ရက်မှ ၁၈-၆-၂၀၁၂ ရက်အထိ |

၂။ (O-Level) သင်တန်းကြေးမှာ အသင်းဝင်/အသင်းသားများနှင့် ၎င်း၏ မိသားစုဝင်တစ်ဦးလျှင် ကျပ်(၆၀၀၀၀/-)နှုန်းနှင့် အသင်းဝင်/အသင်းသားနှင့် မိသားစုဝင် မဟုတ်သူတစ်ဦးလျှင် ကျပ်(၇၀၀၀၀/-)နှုန်းဖြစ်ပြီး(A-Level) သင်တန်းကြေးမှာ ကျပ်(၁၀၀၀၀၀/-)နှုန်း ဖြစ်ပါသည်။

၃။ (O-Level)သင်တန်းဆင်းလက်မှတ်ရရှိပြီးသူများသည် ၂၆-၆-၂၀၁၂ ရက်တွင် ဖွင့်လှစ်မည့် (A-Level) သင်တန်း(အပတ်စဉ်-၄)သို့ တက်ရောက်ခွင့် လျှောက်ထားနိုင်ပါသည်။ သင်တန်းဆင်းအကြိမ်အလိုက် ဦးစားပေးရွေးချယ် တက်ရောက်ခွင့်ပြုပါမည်။

၄။ သင်တန်းသားဦးရေ ကန့်သတ်ချက်ရှိပါသဖြင့် သင်တန်းကြေးပေးသွင်းမှု ဦးစားပေးအစီအစဉ်အလိုက် ရွေးချယ်တက်ရောက်ခွင့်ပြုပါမည်။

၅။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။-

**ဖုန်း-၀၁-၂၃၀၀၁၆၁၊ ၀၁-၂၃၀၀၁၅၉**

**ကျောက်မျက်ပညာသင်တန်းကော်မတီ**



































7-6 (14).pmd 1 6/7/2012, 2:00 AM

မြန်မာ့အလင်း ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

မိုးမြင့်လင်းလက် - စုစည်းသည်

## အမေရိကန်မြို့ ရှစ်မြို့၌ ဆက်တိုက်သီဆိုဖျော်ဖြေခဲ့သည့် အဆိုတော် ဖလန်းလစ်ပ်



**နယူးအော်လန်းစ် ဇွန် ၆**

အမေရိကန်နိုင်ငံ အဆိုတော် ဖလန်းလစ်ပ်သည် အမေရိကန်နိုင်ငံရှိ မြို့ကြီးရှစ်မြို့သို့ ဆက်တိုက်လှည့်လည်ကာ ဂီတပွဲများ ၂၄ နာရီကြာ မရပ်မနား သီဆိုဖျော်ဖြေခဲ့ရာ ကမ္ဘာပေါ်တွင် မြို့ရှစ်မြို့သို့ ဆက်တိုက်သွားရောက်ကာ အချိန်အကြာဆုံး သီချင်းသီဆိုဖျော်ဖြေနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

အဆိုတော် ဖလန်းလစ်ပ်နှင့် ဂျေဇက်တေးဂီတအဖွဲ့**(အပေါ်ယာပုံ)**သည် ဖျော်ဖြေရေး မော်တော်ယာဉ်တစ်စီးဖြင့် မစ္စစ္စပီမြစ်ဝှမ်းနှင့်ဒေသအတွင်းရှိ အမေရိကန်မြို့ကြီးရှစ်မြို့ကို တစ်မြို့ပြီးတစ်မြို့ ဆက်တိုက်မောင်းနှင်သွားရောက်ပြီး ဂီတဖျော်ဖြေမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုတော် ဖလန်းလစ်ပ်နှင့်အဖွဲ့သည် ပထမဆုံး မင်ဖစ်မြို့မှ စတင်ဖျော်ဖြေကာ နောက်ဆုံး နယူးအော်လန်းစ်မြို့အထိ မြို့ကြီးရှစ်မြို့ကို ဆက်တိုက်လှည့်လည် ဖျော်ဖြေခဲ့ခြင်း ဖြစ်သည်။ မိမိတို့သည် ယခုကဲ့သို့တေးဂီတဖျော်ဖြေမှုမှာ ဂင်းနက်စ်မှတ်တမ်းသစ်တင်လို၍ ပြုလုပ်ခြင်းဖြစ်ကြောင်း ဖလန်းလစ်ပ်နှင့်အတူ လိုက်ပါ ဖျော်ဖြေသည့် အဆိုတော်တစ်ဦးဖြစ်သူ ဝိန်းကိုနေက ပြောကြားသည်။

**ကြိုးစားမည်**

ထို့အပြင် အဆိုတော်ဖလန်းလစ်ပ်ကလည်း မိမိတို့တေးဂီတအဖွဲ့သည် အမေရိကန်နိုင်ငံတစ်ဝန်းရှိ မြို့ပေါင်း ၃၀ တွင် တေးဂီတဖျော်ဖြေပွဲများ ဆက်တိုက်ပြုလုပ်ရန်စီစဉ်ထားပြီး ကမ္ဘာပေါ်၌ မြို့အရေအတွက် အများဆုံးသို့ ဆက်တိုက်သွားရောက်ကာ မရပ်မနားသီဆိုဖျော်ဖြေသူအဖြစ် ဂင်းနက်စ်မှတ်တမ်း ထပ်မံတင်နိုင်ရေး ကြိုးစားသွားမည်ဟုပြောကြားသည်။

**သီဆိုဖျော်ဖြေ**

ယခင်က ကမ္ဘာ့စံချိန်တင်ထားခဲ့သည့် မြို့အများဆုံးနှင့် ဆက်တိုက်သီဆိုဖျော်ဖြေမှု အချိန်အကြာမြင့်ဆုံး တေးဂီတအဖွဲ့မှာ အီတလီနိုင်ငံမှဖြစ်ပြီး အီတလီနိုင်ငံမြို့ကြီး ခြောက်မြို့သို့ ဆက်တိုက်သွားရောက်ကာ အချိန် နာရီ ၂၀ ကျော် မရပ်မနား သီဆိုဖျော်ဖြေခဲ့ကြခြင်း ဖြစ်သည်။ **(အင်တာနက်)**

## ကမ္ဘာပေါ်၌ အကြီးဆုံး အင်းဆက်ပိုး



**နယူးဇီလန် ဇွန် ၆**

နယူးဇီလန်နိုင်ငံ မြောက်ပိုင်း သစ်တောအတွင်းတွေ့ရှိရသောအင်းဆက်ပိုးတစ်ကောင်သည် **(ယာပုံ)** ကမ္ဘာပေါ်ရှိ အင်းဆက်ပိုးများအနက် အကြီးဆုံးအဖြစ် ကမ္ဘာ့မှတ်တမ်း၌ ဇွန် ၃ ရက်က ဖော်ပြခံရသည်။

အဆိုပါ အင်းဆက်ပိုးကို နယူးဇီလန်နိုင်ငံမှ အင်းဆက်ပိုးသုတေသနပညာရှင်တစ်ဦးဖြစ်သူ အသက် ၅၅ နှစ်အရွယ်ရှိ မက်မိုဖက်က ၎င်းသစ်တောအတွင်း လေ့လာရေးသွားရောက်စဉ် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သုတေသနပညာရှင် မက်မိုဖက်သည် နယူးဇီလန်နိုင်ငံမြောက်ပိုင်း ကျွန်းငယ်တစ်ကျွန်းပေါ်ရှိ သစ်တောအတွင်း ညပိုင်း၌ လေ့လာစဉ် သစ်ပင်တစ်ပင်ပေါ်တွင် အဆိုပါ အင်းဆက်ပိုးကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

၎င်းအင်းဆက်ပိုးကို ဝီတာဟုအမည်ပေးပြီး အရွယ်အစားမှာ တောင်ပံများသည် ခုနစ်လက်မခန့်ရှိကာ ခန္ဓာကိုယ်မှာ အရွယ်ရောက်ပြီး ကြွက်တစ်ကောင်၏ အရွယ်အစားခန့်ရှိကြောင်း သိရသည်။

ဝီတာဟုအမည်ပေးထားသော ယင်းအင်းဆက်ပိုးမျိုးစိတ်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ရှင်သန်ကျက်စားနေခဲ့သည့် အင်းဆက်ပိုးမျိုးဖြစ်ကြောင်း၊ သက်တမ်းကို လေ့လာသုတေသနပြုမှုများ ဆက်လက်ပြုလုပ်ရဦးမည်ဖြစ်ကြောင်း သုတေသနပညာရှင် မက်မိုဖက်က ပြောကြားသည်။ **(အင်တာနက်)**

## ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး လက်ချင်းချိတ်ဆက်မှု

***ကင်ကွန် ဇွန် ၆***

*မက္ကဆီကိုနိုင်ငံ ကင်ကွန်မြို့သူမြို့သားများက တစ်ဦးနှင့်တစ်ဦး လက်ချင်းချိတ်ကာ ကမ္ဘာပေါ်၌ လူဦးရေအများဆုံး လက်ချင်းချိတ်ဆက်မှုအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်နိုင်အောင် ကြိုးစားခဲ့ကြကြောင်း ဇွန် ၃ရက်က သတင်းထုတ်ပြန်သည်။*



*ကင်ကွန်မြို့သူမြို့သား စုစုပေါင်း ၁၈၈ ဦးတို့ စုပေါင်းကာ လက်ချင်းချိတ်ဆက်ခြင်း၏ ရည်ရွယ်ချက်မှာ စုစည်းမှု၊ ချိတ်ဆက်မှု၊ နွေးထွေးမှုစသည့် အမှတ်အသားအဖြစ် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။*

*၎င်းတို့သည် လက်ချင်းချိတ်ဆက်မှုကို အချိန် ၁၆ မိနစ်ခန့်ကြာအောင် ပြုလုပ်ခဲ့ကြပြီး ဂင်းနက်စ်မှတ်တမ်းတင်အဖွဲ့မှ တာဝန်ရှိများကိုလည်း ဖိတ်ခေါ်ပြသခဲ့သည်။ အဆိုပါ လက်ချင်းချိတ်ဆက်သူများတွင် မက္ကဆီကိုနိုင်ငံအလှကုန်ပစ္စည်းထုတ်လုပ်သည့်ကုမ္ပဏီမှ ဝန်ထမ်းများလည်း ပါဝင်ဆင်နွှဲခဲ့ကြသည်။ **(ဝဲပုံ)***

*အဆိုပါကုမ္ပဏီမှ ဝန်ထမ်းများက ယခုဂင်းနက်စ်မှတ်တမ်းတင်သည့်ပွဲ၌ ၎င်းတို့၏အလှကုန်ပစ္စည်းများကို ပရိသတ်များသတိပြုမိစေရန်အတွက်ဖြစ်ပြီး ကုန်ကျစရိတ်အားလုံးကို ၎င်းကုမ္ပဏီမှ ကျခံခဲ့ခြင်းဖြစ်သည်။*

*လက်ချင်းချိတ်ဆက်မှုလူဦးရေကို အများဆုံးအဖြစ် လူ ၁၀၀၀၀ အထိ စုစည်းပြုလုပ်ရန် ထပ်မံစီစဉ်သွားမည်ဖြစ်ကာ ဂင်းနက်စ်မှတ်တမ်းသစ်တင်နိုင်ရေး ဆက်လက်ကြိုးပမ်းသွားမည်ဟု ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)***

အိုင်တီနည်းပညာ အိုင်တီနည်းပညာ အိုင်တီနည်းပညာ

အာကာကျော် - စုစည်းသည်

## ကမ္ဘာ့အကြီးဆုံး တက်ဘလက်ကွန်ပျူတာ တရုတ်(တိုင်ပေ)မှ အောဆုကုမ္ပဏီပြသ

**တရုတ်(တိုင်ပေ) ဇွန် ၆**

တရုတ်(တိုင်ပေ)၌ ၂၀၁၂ ကွန်ပျူတာပြပွဲမတိုင်မီ အောဆု(Asus)က ကမ္ဘာ့အကြီးဆုံး တက်ဘလက် (Tablet) ကွန်ပျူတာကို ထုတ်ဖော်ပြသခဲ့သည်။ ၎င်းတက်ဘလက် ကွန်ပျူတာသည် Windows 8-based လက်တော့ပ် တက်ဘလက်ဖြစ်သည်။ ၎င်းတက်ဘလက်သည် နောက်ဆုံးပေါ် ဝင်းဒိုးကွန်ပျူတာ အမျိုးအစားဖြစ်သည်။



*အောဆုကုမ္ပဏီက ထုတ်ဖော်ပြသခဲ့သည့် နောက်ဆုံးပေါ် တက်ဘလက်။*

အဆိုပါ တက်ဘလက်ကွန်ပျူတာကို Transformer Book ဟုခေါ်ဆိုပြီး Windows 8 Os ကို သုံးထားသည်။ ၎င်း Transformer Book ကွန်ပျူတာသည် ကမ္ဘာ့အကြီးဆုံး တက်ဘလက်ကွန်ပျူတာ ဖြစ်လာကြောင်း အောဆုကုမ္ပဏီဥက္ကဋ္ဌ ဂျွန်နေရှိတ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

**သုံးထား**

ယင်းလက်တော့ပ် ကွန်ပျူတာသည် စက္ကရင်နှစ်ခုပါရှိပြီး လူနှစ်ယောက်တစ်ပြိုင်တည်း အသုံးပြုနိုင်သည့် ကွန်ပျူတာအမျိုးအစား ဖြစ်သည်။ ၎င်းကွန်ပျူတာသည် မိုက်ခရိုဆော့ဖ်၏ နောက်ဆုံးပေါ် ဝင်းဒိုးဖြစ်သည့် Windows 8 Os ကို သုံးထားသည်။ ၎င်းလက်တော့ပ်ကွန်ပျူတာကို အောဆုက ယခုနှစ်ကုန်ပိုင်းတွင် ဈေးကွက်များသို့ တင်ပို့ရောင်းချသွားရန် မျှော်လင့်ထားသည်။

အောဆုက ကမ္ဘာ့အကြီးဆုံး တက်ဘလက်ကွန်ပျူတာကို ထုတ်ဖော်ပြသလိုက်ခြင်းဖြင့် ပြိုင်ဘက် ကုမ္ပဏီများဖြစ်သည့် အေဆာနှင့်မိုက်ခရိုစတားတို့ကို ကျော်ဖြတ်သွားနိုင်လိမ့်မည်ဟု ဆိုသည်။ **(အင်တာနက်)**

## Galaxy SIII စမတ်ဖုန်းသစ်များ ဈေးကွက်သို့စတင်ရောင်းချ



**လန်ဒန် ဇွန် ၆**

Sprint Galaxy SIII ဟု အမည်ပေးထားသော စမတ်ဖုန်းအမျိုးအစားသစ်ကို ဆမ်ဆောင်းက ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ၎င်းကုမ္ပဏီက ကြေညာသည်။ **(ဝဲပုံ)**

အဆိုပါစမတ်ဖုန်းအမျိုးအစားသစ်ကို ဇွန် ၅ ရက်မှ စတင်ပြီး အမှာစာဖြင့် မှာယူနိုင်ပြီဖြစ်ကြောင်းလည်း ဆမ်ဆောင်းက ကြေညာသည်။ ၎င်းစမတ်ဖုန်း အမျိုးအစားသစ်ကို ဇွန် ၂၁ ရက်မှစတင်ပြီး ဈေးကွက်များသို့ တင်ပို့ရောင်းချသွားမည်ဟု ဆိုသည်။ ၎င်းစမတ်ဖုန်းကို 16GB နှင့် 32GB ဟူ၍ နှစ်မျိုးနှစ်စားထွက်ရှိလာသည်။ 16GB အတွက် တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၁၉၉ ဒသမ ၉၉ ဖြင့် ရောင်းချမည်ဖြစ်ပြီး 32GB တစ်လုံးလျှင် ၂၄၉ ဒသမ ၉၉ ဒေါ်လာဖြင့် ရောင်းချနိုင်မည်ဟု ဆမ်ဆောင်းက ကြေညာထားသည်။

**နည်းပညာအမြင့်ဆုံး**

Galaxy SIII စမတ်ဖုန်းကို Android ဆော့ဖ်ဝဲလ်သုံးထားပြီး စက္ကရင်အကျယ် ၄ ဒသမ ၈ လက်မရှိသည်။ ဆမ်ဆောင်းကုမ္ပဏီသည် အမေရိကန်ဈေးကွက်တွင် နံပါတ်တစ်အများဆုံး စမတ်ဖုန်းများ တင်ပို့လျက်ရှိသည်။ ၎င်းစမတ်ဖုန်းအမျိုးအစားသစ်ကို အမေရိကန် ဈေးကွက်များမှ တစ်ဆင့် စတင်ရောင်းချပေးမည်ဖြစ်ပြီး စမတ်ဖုန်း ဝယ်ယူသူများက Galaxy SIII ဝယ်ယူရန် အသင့်စောင့်ဆိုင်းနေကြသည်။ ဆမ်ဆောင်းကုမ္ပဏီက ယခုထုတ်လုပ်သည့် SIII သည် ၎င်းကုမ္ပဏီမှ ထုတ်လုပ်ခဲ့သော စမတ်ဖုန်းများအနက် နည်းပညာအမြင့်ဆုံးဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။ **(အင်တာနက်)**

## ပထမဆုံးသော အင်တဲလ်စမတ်ဖုန်း

**လန်ဒန် ဇွန် ၆**




ဥရောပ၏ပထမဆုံးသော အင်တဲလ်စမတ်ဖုန်းကို ၎င်းအင်တဲလ်ကုမ္ပဏီက တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်သည်။ ၎င်းဟမ်းဆက်သည် အင်တဲလ်၏ Single-core Atom Z 2460 Processor နှင့် ဂူဂဲလ်၏ Android System ကို သုံးထားသည်။ **(ယာပုံ)**

အဆိုပါ စမတ်ဖုန်းကို မကြာမီကာလအတွင်း ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့မှ စတင်ရောင်းချပေးသွားမည်ဟုဆိုသည်။ ၎င်းစမတ်ဖုန်းသည် အင်တဲလ်အခြေစိုက် တတိယမျိုးဆက်သစ်စမတ်ဖုန်းဖြစ်သည်။

**မျှော်လင့်ထား**

၎င်းစမတ်ဖုန်းအမျိုးအစားသစ်သည် ဧပြီလအတွင်းက အိန္ဒိယနိုင်ငံ၌ စတင်ရောင်းချခဲ့သည့် Xolo X 900 နှင့် တရုတ်နိုင်ငံ၌ရောင်းချခဲ့သည့် Lephone K 800 တို့ ထွက်ရှိလာပြီးနောက် စမတ်ဖုန်း ဈေးကွက်သို့ နောက်ဆုံးဝင်ရောက်လာသည့် စမတ်ဖုန်းဖြစ်သည်။ ယင်းစမတ်ဖုန်းသည် စက္ကရင်အကျယ် ၄ ဒသမ ၀၃ လက်မရှိပြီး HTC နှင့် ဆမ်ဆောင်းမှထုတ်လုပ်သော Android စမတ်ဖုန်းထက် အနည်းငယ်သေးငယ်သည်ဟုဆိုသည်။ ၎င်းဟမ်းဆက်ကို ပေါင်ငွေ ၂၀၀နှင့် ရောင်းချပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း အင်တဲလ်ကုမ္ပဏီက ကြေညာသည်။

အဆိုပါဟမ်းဖုန်းအမျိုးအစားသစ်သည် ဆမ်ဆောင်းမှထုတ်လုပ်သော Galaxy S3 နှင့် အပြိုင် ဖြစ်လာလိမ့်မည်ဟု ပညာရှင်များက လေ့လာသုံးသပ်ထားသည်။ **(အင်တာနက်)**

## ကလေးများအထိ ဖေ့စ်ဘုတ်သုံးနိုင်ရန်စီစဉ်နေ

**လန်ဒန် ဇွန် ၆**

ကမ္ဘာကျော် လူမှုရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် ဖေ့စ်ဘုတ်က အသက် (၁၃)နှစ်အောက် ကလေးများအထိ ဝင်ရောက်ကြည့်ရှုနိုင်အောင် စီစဉ်လျက်ရှိကြောင်း ၎င်းကွန်ရက်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ လူမှုရေးဝက်ဘ်ဆိုက်က ကလေးများ၏ accounts ကို မိဘများနှင့် ဆက်သွယ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း 'သည်ဝေါလ်စထရီ' ဂျာနယ်၌ ဖော်ပြထားသည်။

မိဘများအနေဖြင့် ယင်းတို့၏ သားသမီးများကို ထိန်းချုပ်နိုင်ရန်အတွက် ရည်ရွယ်ခြင်းဖြစ်သည်ဟု ဆိုသည်။ လောလောဆယ်တွင် အသက် (၁၃) နှစ်အောက် ကလေးများ ဖေ့စ်ဘုတ်ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ခြင်းကို ပိတ်ပင်ထားသည်။ ၎င်းလူမှုရေးကွန်ရက်ကို လောလောဆယ်အသုံးပြုသူ သန်း ၉၀၀ ကျော်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးသီ (မြောင်းမြ)
**အသက်(၇၃)နှစ်**

သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆန်းအောင်၏မိခင်ဖြစ်သူ ဒေါ်အေးသီ အသက်(၇၃)နှစ်သည် ၆-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့်ဇနီး ဒေါ်နုနုဆွေ**
**သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**

## ဦးစန်းညွန့်
**အသက်(၅၀)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ဦးဖိုးကျားလမ်း၊ အမှတ် ၁၄၊ အခန်း ၁၃(ခုနစ်လွှာ)နေ (ဦးမောင်စိန်-ဒေါ်လှရီ)တို့၏သား၊ (ဦးလှဖေ-ဒေါ်သောင်းကြည်)တို့၏သားသမက်၊ ဒေါ်တင်တင်ရီ၏ခင်ပွန်း၊ မထူးကေသီညွန့်(ခ)နှင်းဖြူ (3rd Year Chinese, Diploma, YUFL)၏ဖခင်သည် ၅-၆-၂၀၁၂ရက်(အင်္ဂါနေ့)ညနေ ၆း၁၅နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၂ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအေးကို (တောင်ဥက္ကလာပ)
**(မြသုံးလုံး ဒန်အိုးစက်)**
**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးအောင်ကြိုင်-(ဒေါ်အုန်းမြင့်)တို့၏သားကြီး၊ (ဦးသော်-ဒေါ်မြင့်)တို့၏သားသမက်၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၄၃၂နေ ဒေါ်မြင့်မြင့်ဝင်း၏ခင်ပွန်း၊ မအိကိုကို၊ မောင်ထက်ဝေယံကိုတို့၏ဖခင်သည် ၅-၆-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၅း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအောင်ဆန်းကြည် (ပြည်မြို့)
**အသက်(၄၇)နှစ်**

(ဦးအေးလွင်)-ဒေါ်ရှုခင်တို့၏သားကြီး၊ ကိုဝင်းမြင့်-မသင်းသင်းလှိုင်တို့၏မောင်၊ ကိုဇော်လွင်-မကြည်ကြည်ခင်၊ ကိုအောင်ဌေး-မမေကြူခိုင်တို့၏အစ်ကိုကြီး၊ ဒေါ်စိုးမမမင်း၏ခင်ပွန်း၊ စည်သူအောင်ဆန်း၊ သီဟအောင်ဆန်း၊ မအိမ့်သီရိအောင်ဆန်းတို့၏ဖခင်သည် ၅-၆-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် အေးငြိမ်းရာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## မောင်အောင်ကိုမြင့်
**B.Agr. Sc (Htoo Group of Companies)**
**အသက်(၃၁)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်-၆၊ အမှတ် ၂၈၁/စ၊ အခန်း ၂နေ ဦးဝင်းမြင့်(ပဲခူးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူး)-ဒေါ်ခင်အေးသန်းတို့၏သားကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်နေ(ဗိုလ်မှူးကျော်ဆွေ)-ဒေါ်အုန်းရီတို့၏သားသမက်၊ မအိအိဝင်း၊ မဝင်းဝါမြင့်တို့၏အစ်ကို၊ ဒေါက်တာဖြူပြာကျော်ဆွေ (ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်)၏ခင်ပွန်းသည် ၆-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါ၍ ၈-၆-၂၀၁၂ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကင်းမြို့နယ်နှင့် ကြို့ကုန်းသစ်တောဝင်း နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းမြင့်(ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး)နှင့် ဒေါ်ခင်အေးသန်းတို့၏သားဖြစ်သူ ကိုအောင်ကိုမြင့်သည် ၆-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**သစ်တောဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းမြင့်(ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး)နှင့် ဒေါ်ခင်အေးသန်းတို့၏သားဖြစ်သူ ကိုအောင်ကိုမြင့်သည် ၆-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အေးမြင့်မောင်-မေသက်ထွန်း**

## ကိုမြတ်ထွတ်လင်း
**(Zizawa Healthcare)**
**(ရွှေတောင်မော်)**
**အသက်(၃၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ရွှေတောင်မော်ကျေးရွာ၊ အမှတ်(၆)ရပ်ကွက်နေ ဦးထွန်းရွှေ-ဒေါ်ကြည်ကြည်တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၂)ရပ်ကွက်၊ စစ်တောင်းရိပ်မွန်၊ တိုက် ၂၅၊ အခန်း ၀၀၂နေ (ဦးမြင့်အောင်)-ဒေါ်ကြည်ကြည်မေတို့၏သားသမက်၊ မမြင့်မြင့်ဦး၏ခင်ပွန်း၊ မဝေလျှံလင်း၏ဖခင်သည် ၅-၆-၂၀၁၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးမြင့်ဆွေ (မွေး/ရေ၊ ဘဏ်)
**အသက်(၆၀)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ တိုက် ၁၊ အခန်း ၂/ဆ၊ ပြည်တော်သစ်အိမ်ရာနေ(ဦးသောင်းတင်-ဒေါ်နှင်းကြည်)တို့၏သားကြီး၊ ဒေါ်သင်းသင်းဝင်း (စီးပွား/ကူးသန်း)၏ခင်ပွန်း၊ ဒုအရာခံဗိုလ်မျိုးမြင့်၊ ဒေါ်သက်သက်၊ ဦးဝင်းကိုကို-ဒေါ်မိုးကေခိုင်၊ ဗိုလ်မှူးကြီးအေးကျော်-ဒေါ်ချိုချိုမာတို့၏အစ်ကိုကြီး၊ မောင်စည်သူမြင့်ဆွေ(မွေး/ရေ၊ ဘဏ်)၊ မောင်ထူးကျော်မြင့်ဆွေ၊ မမေဇင်မြင့်ဆွေတို့၏ဖခင်သည် ၆-၆-၂၀၁၂ရက် ည ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၂ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြ (ကျောက်တံခါး)
**အသက်(၈၀)**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ စာတိုက်ရပ်ကွက်၊ ဦးစံကျော်လမ်းနေ (ဦးသာလှိုင်-ဒေါ်လှရင်)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၃၄၃နေ (ဦးဝင်းမြင့်)-ဒေါ်သန်းရီ၊ ဦးထွန်းသိန်း-ဒေါ်ခင်လှ၊ ဒေါ်ခင်ထွေး၊ ဦးခင်စိုး-ဒေါ်ခင်ပိုတို့၏အစ်မကြီး၊ ဦးသိန်းစိုးဦး-ဒေါ်ဝါဝါမြင့်၊ ဒေါ်သီသီမြင့်(အမက-၈၊ မူလွန်၊ သဃ်္ဃန်းကျွန်း)၊ ဒေါ်အေးအေးမြင့်(အလက-၄၊ သဃ်္ဃန်းကျွန်း)၊ ဦးသီဟမျိုးညွန့်-ဒေါ်ဆွေဆွေသိန်း (S.S.T Engineering Pte Ltd. singapore)၊ ဦးရန်နိုင်စိုး-ဒေါ်ချစ်ပြုံးနှင်းဆီတို့၏အဒေါ်၊ ဗိုလ်လောင်းရန်နောင်စိုး(တပ်မတော်နည်းပညာတက္ကသိုလ်)၊ မမိုးမြတ်ရတနာသိန်း၊ မောင်ဝိုင်မျိုးညွန့်တို့၏အဘွားသည် ၆-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၄း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၈-၆-၂၀၁၂ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ (တောင်ဥက္ကလာပမြို့နယ် နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင်ဦး(ခ)အန်တီမာလေး(ခ) Emmaသိန်း
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၆၂(က)၊ သစ္စာဝါဒီလမ်း၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်နေ (ဦးသိန်း-ဒေါ်သန်းချို)တို့၏သမီး၊(မန်းလှကျော်-ဒေါ်ကျင်ယုံ)တို့၏ချွေးမ၊ မန်းမောင်မောင်ကြီး-ဒေါ်ခင်နန်းမြင့်တို့၏ညီမ၊ ဗိုလ်မှူးကြီးမောင်မောင်လေး(လေ-ငြိမ်း)(အငြိမ်းစားသံအမတ်ကြီး)၏ဇနီး၊ ဦးဝင်းသိန်း-ဒေါ်ခင်ခင်အေး၊ (မန်းဇော်ဝင်း)-ဒေါ်ကြည်ကြည်လှ၊ ဒေါက်တာမန်းကျော်မင်း-ဒေါ်စန်းဌေး၊ (ဦးမောင်မောင်ကြီး)-ဒေါ်ခင်ခင်ဝင်း၊ ဗိုလ်မှူးချုပ်စိန်ဝင်း(ငြိမ်း)-ဒေါ်အေးအေးတင့်၊ (ဦးသန်းထူး)၊ မန်းအေးဝင်း-ဒေါ်မြင့်ဝင်းခင်၊ (ဒေါ်နန့်နန်းဝေ)တို့၏အစ်မ၊ ဦးလှမော်ဦး-ဒေါ်တိုးတိုးသူ၊ ဦးဘုန်းမြင့်ရွှေ-ဒေါ်အေးမြင့်ဦး၊ ဦးထွန်းခ-ဒေါ်အေးချစ်ဦး၊ ဦးလှမြတ်ဦး-ဒေါ်သန်းသန်း၊ ဒေါက်တာမြတ်စိုးအောင်-ဒေါက်တာသီသီဦး၊ ဦးတေဇအောင်-ဒေါ်စီစီဦးတို့၏မိခင်သည် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံကြီး၌ ၅-၆-၂၀၁၂ရက်(အင်္ဂါနေ့) နံနက် ၀၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၆၂-က၊ သစ္စာဝါဒီလမ်း၊ အောင်ဆန်း၊ အင်းစိန်မြို့နယ် နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် သစ္စာဝါဒီလမ်း၊ အမှတ် ၆၂(က)၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်ဦး(ခ)အန်တီမာလေး
**အသက်(၇၆)နှစ်**

ဒုတိယဗိုလ်မှူးကြီးလှမော်ဦး(ငြိမ်း) (အထွေထွေမန်နေဂျာ၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး)-ဒေါ်တိုးတိုးသူတို့၏မိခင်သည် ၅-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၂)မှ**
**သူငယ်ချင်းများ**

## ဦးဘသော်
**အထက်တန်းပြ(ငြိမ်း)၊ အထက (ဝဲလောင်)**
**အသက်(၆၉)နှစ်**

တောင်သာမြို့နယ်၊အုတ်ဖိုရွာနေ(ဦးဘခေတ်-ဒေါ်တင်)တို့၏သား၊ ဦးအောင်-ဒေါ်မြကျင်တို့၏သားသမက်၊ (ဒေါ်အောင်မြခင်)၏ခင်ပွန်း၊ ဒေါ်ဥမ္မာအောင်(P.A.T)၊ ဦးခင်မောင်လှ(P.A.T)၊ ဒေါ်အေးအေးမွန်(လက်ထောက်ကထိက၊ ရက္ခဗေဒဌာန၊ မိတ္ထီလာတက္ကသိုလ်)၊ ဒေါ်မြတ်မြတ်သူ(အဆည ထက်)၊ ဦးနေမျိုးအောင်(မန်နေဂျာ၊ သစ်ထုတ်ရေးဌာန၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးညီညီအောင်-ဒေါ်မြလေးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၆-၆-၂၀၁၂ရက် နံနက် ၁၃း၀၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၂ရက် နံနက် ၈နာရီတွင် နေအိမ်မှ တောင်သာမြို့နယ် အုတ်ဖိုကျေးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၂ရက်တွင် တောင်သာမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဘသော် အသက်(၆၉)နှစ်

ဗိုလ်ကြီးနေမျိုးအောင်(ငြိမ်း) (မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)၏ဖခင်ဖြစ်သူ ဦးဘသော်သည် ၆-၆-၂၀၁၂ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**D.S.A (39) မှ သူငယ်ချင်းများ**

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်စန်းဝေ (ပုလော/မြိတ်)
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ် ၁၇နေ ဦးအောင်ကြည်(လ/ထ ညွှန်မှူး၊ ငြိမ်း၊ မြေစာရင်းဦးစီးဌာန)၏ဇနီး၊ပုလောမြို့နေ(ဦးမောင်သိန်း-ဒေါ်လှရင်)တို့၏သမီးကြီး၊ (ဦးလှဒင်)-ဒေါ်လှကြည်တို့၏သမီးချွေးမ၊ ဗိုလ်ကြီးကျော်ဝင်းထွန်း(ငြိမ်း) (Asian Wings Airway)-မနွေးလတ်လတ်အောင်၊ မစုမွန်ကြည်(ခေတ္တ-တရုတ်ပြည်၊ MA 1st year Normal University China)၊ မသဉ္ဇာပြည့်ဖြိုး (အလုပ်သင်ဆရာဝန်၊ အလုပ်သမားဆေးရုံ)တို့၏မိခင်၊ မလင်းလက်အောင်၊ ပီတိတို့၏အဘွားသည် ၄-၆-၂၀၁၂ရက်(တနင်္လာနေ့)နံနက် ၅း၁၀နာရီတွင်ကွယ်လွန်သွားပါ၍ ၈-၆-၂၀၁၂ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးခင်မြင့် (မြောင်းမြ)
**အလုပ်ရုံခွဲမှူး၊ ဝါးခယ်မ**
**လျှော်ရွှေးစက်ရုံ**
**အသက်(၅၃)နှစ်**

မြောင်းမြမြို့၊ ဂုန်နီစက်ရုံနေ ဦးစောမောင်-(ဒေါ်စောရှင်)တို့၏သား၊ ဦးညွန့်တင်-ဒေါ်မြမြတို့၏သားသမက်၊ ဒေါ်တင်မြရီ၏ခင်ပွန်း၊ တိုက် ၂၂၊ အခန်း D (၅)၊ မဟာမြိုင်အိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ မအေးမြဇင်(ယူနိုက်တက်ဆောက်လုပ်ရေး)-ကိုအေးမင်းထွဋ်(ရွှေမန်းသူလက်မှတ်ရောင်းဌာန)၊ မအေးမြသွယ် (Winner Plastic)၊ မလဝန်းခင်(Grade-8)တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ဘိုးဘိုးသည် ၆-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၄၅နာရီတွင် အလုပ်သမားဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၈-၆-၂၀၁၂ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နု
**အသက်(၈၂)နှစ်**

မော်လမြိုင်မြို့နယ်နေ (ဦးဟော့စိန်-ဒေါ်သဲအုံ)တို့၏သမီး၊ မော်လမြိုင်မြို့နေ (ဒေါ်ကြင်လှိုင်)၏ညီမ၊ (ဦးမောင်မောင်)၏ဇနီး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်နေ ဦးရွှေသိန်း-ဒေါ်သန်းသန်းအေး၊ လှိုင်မြို့နယ်နေ ဦးစိုးသိန်း-ဒေါ်စိုး၊ ဦးဝင်းဆင့်-ဒေါ်အေးအေးမော်၊ (ဦးအေးသိန်း)၊ ဦးဖုန်းမြင့်ဦး-ဒေါ်သိန်းသိန်းမြင့်၊ ဦးမြင့်ဆွေ-ဒေါ်သန်းသန်းထွေး၊ (ဦးစိုးနိုင်)၊ ဦးခင်စိုး-ဒေါ်ရီရီမြင့်တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၆-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၂ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ကြူရင်
**အသက်(၈၀)**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ အမှတ် ၁၄၂၊ မဟာဗန္ဓုလလမ်းနေ (ဦးတင်အောင်)၏ဇနီး၊ (တပ်ကြပ်ကြီးညီညီ)-ဒေါ်ကြူကြူတင်၊ တပ်ကြပ်ကြီးထွန်းဝင်း-ဒေါ်အေးအေးကြူ၊ဒုရဲမှူးရဲအောင်(ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှူး)-ဒေါ်ခင်ဝင်းမြင့်(အလယ်တန်းပြ၊ ထ-၂၊ ပုဇွန်တောင်)၊ ဦးစိုးနိုင်-ဒေါ်အေးအေးမူ၊ ဒေါ်အေးအေးဝင်း၊ ဦးအောင်ဇော်ဝင်း-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်အေးအေးမော်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၆-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၂ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း (ကမာရွတ်)
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ် ၂၉(ခ)နေ ဦးကောက်ကွေး-(ဒေါ်ကျင်ဖောင်)တို့၏သားကြီး၊ အိုးသည်ကုန်းမြို့၊ (၁)လမ်းနေ (ဦးချူးဝါး-ဒေါ်သန်း)တို့၏သားသမက်၊ ဒေါ်စန်းစန်းဝင်း(ခ)ဒေါ်ပု၏ခင်ပွန်း၊ မောင်သီဟကျော်၊ မောင်သူရကျော်၊ မောင်မျိုးကျော်တို့၏ဖခင်သည် ၅-၆-၂၀၁၂ရက် နံနက် ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဘသောင်းတင်
**ဒုဦးစီးမှူး (ဇလဗေဒဌာနခွဲ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**
**အသက်(၆၀)**

ရန်ကုန်မြို့နေ (ဦးကျော်ဟိုး-ဒေါ်သန်းကြည်)တို့၏သား၊ (ဦးဖေအောင်)-ဒေါ်ဖွားစိန်တို့၏သားသမက်၊ ရန်ကုန်မြို့နေ ဦးမျိုးသိန်း-ဒေါ်ခင်သိန်းဝင်းတို့၏မောင်၊ ဒေါက်တာဦးကျော်စိဝင်း-ဒေါ်ခင်မာမာ၊ ဦးခင်မောင်လေး (ညွှန်ကြားရေးမှူး၊ ရေအားလျှပ်စစ်ဦးစီးဌာန)-ဒေါ်ယုယုဝေ၊ ဦးအောင်ကျော်ဦး-ဒေါ်ယုရင်၊ ဦးခင်မောင်ထွေး-ဒေါ်တင်တင်သူ၊ ဦးယဉ်ထွေး-ဒေါ်မြင့်မြင့်ချို၊ ဦးခင်မောင်ထွဋ်-ဒေါ်ဇာနှင်းဦးတို့၏အစ်ကို၊ အမှတ် ၂၁၅၊ ဘုတာရုံလမ်းသွယ်(၃)၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ကြည်ကြည်သန်း(ခ) ဒေါ်ပု၏ ခင်ပွန်းသည် ၅-၆-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၆း၄၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၂ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ် ၃၈၀၊ မြနန္ဒာ ၁လမ်း၊ မြသီတာရပ်ကွက်၊ ဘိုခြံ၊ မင်္ဂလာဒုံမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြ(ခ)ဒေါ်ဖွားမေ (မိုးညှင်းယောဂီ)
**အသက်(၈၉)နှစ်**

အရှေ့ကြို့ကုန်းနေ (ကျောင်းဆရာကြီး ဦးညိမ်-ဒေါ်ထားအုံ)တို့၏သမီးကြီး၊ (ဦးအေးလှ-ဒေါ်ရွှေကျင်)တို့၏သမီးချွေးမ၊ (ဦးကြည်စိန်)၏ဇနီး၊ ဦးမောင်မောင်-ဒေါ်တင်ကြည်၊ (ဦးဖေသိန်း)-ဒေါ်တင်အေး၊ ဦးတင့်လွင်-ဒေါ်ခင်ဆွေအေးတို့၏အစ်မကြီး၊ (ဦးအောင်ခင်ကြီး)-ဒေါ်မြင့်မြင့်၊ (ဦးအောင်တင်-ဒေါ်ပို)တို့၏ညီမ/အစ်မ၊ ၈၅၊ ဓမ္မစိန္တာလမ်းနေ ဒေါ်ဝင်းဝင်း(ခ)ဒေါ်လီဝင်း၏မိခင်၊ မောင်ခင်အောင်ကြည်-မဆွေဆွေညွန့်၊ မနွေးနွေးတို့၏အဘွားသည် ၆-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၂၅နာရီတွင် ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ မိုးညှင်းဝိပဿနာတိုက်သစ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၂ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (ကျောင်းတိုက်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ လမ်း ဒါယိကာမကြီး
## ဒေါ်စန်းကြည် (အိမ်မဲ)
**အသက်(၈၇)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ အိမ်မဲကြီးရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၃၁နေ (ဦးအန်းလှ)၏ဇနီး၊ ဦးအီကျင်-ဒေါ်မာမာဆွေ၊ ဦးအီရန်း-ဒေါ်ခင်စန်း၊ ဦးအီရိုး-ဒေါ်စန်းမြင့်၊ ဦးသိန်းလွင်-ဒေါ်ကျင်စွမ်၊ ဦးချစ်လွင်-ဒေါ်ကြည်ကြည်အေး၊ ဒေါ်ကြည်ကြည်ထွေးတို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၆-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၂ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ အိမ်မဲမြို့ ခုံကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးဝဏ္ဏကျော် (ငြိမ်း)
**ကြည်း-၂၉၆၂၀၊ O.T.S (99)**
**ဒုတိယညွှန်ကြားရေးမှူး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**အသက်(၃၉)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ (၅)ရပ်ကွက်၊ ဖလမ်းနေ ဦးကျော်သန်း-ဒေါ်စိန်လှတို့၏သား၊ ကိုနိုင်ဝင်းကျော်၊ မခင်စိုးနွယ်တို့၏မောင်၊ မအူပင်မြို့နယ်၊ ရေလဲကလေး၊ ဗိုလ်ချုပ်လမ်း၊ဈေးပိုင်းရပ်ကွက်နေ ဦးရဲမြင့်-ဒေါ်သန်းသန်းဌေးတို့၏သားသမက်၊ ကိုရဲကျော်မျိုး၊ မမိုးပို့ပို့သူ၊ ကိုသန်းနိုင်ဦး၊ ကိုမျိုးကျော်လွင်တို့၏အစ်ကို၊ ဒေါ်နွယ်နီလှိုင်၏ခင်ပွန်း၊ မောင်လင်းသစ်ခန့်၏ဖခင် ဗိုလ်မှူးဝဏ္ဏကျော်(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)သည် ၅-၆-၂၀၁၂ရက် ညနေ ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၂ရက် မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ရေလဲကလေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းဝင့်ရည်
**B.A, B.Ed**
**အထပြ(ငြိမ်း)၊အထက(၂)အင်းစိန်**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၃၆၊ အောင်သိဒ္ဓိရိပ်သာနေ(ဦးဘလေး - ဒေါ်ခင်ခင်လေး)တို့၏သမီးကြီး၊ ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း (ငြိမ်း)-ဒေါ်လှလှနွဲ့ (ဌာနခွဲမှူး၊ ငြိမ်း၊ MPE)၊ ဒုတိယဗိုလ်မှူးကြီးတင်ထွတ်သိန်း(ငြိမ်း)-ဒေါက်တာဒေါ်ခင်မြတ်နွယ် (ဒုညွှန်မှူး၊ NHL)တို့၏အစ်မကြီး၊ ဦးအောင်အောင်-ဒေါ်စုမြင့်ထွန်း၊(ဦးနိုင်မြင့်ထွန်း)၊ဦးမောင်းဟာ-ဒေါက်တာဒေါ်တင်နွယ်ဦး၊ (မခိုင်နွယ်သိန်း)တို့၏ကြီးကြီး၊မြေးငါးယောက်တို့၏အဘွားသည် ၄-၆-၂၀၁၂ရက် (တနင်္လာနေ့)ညနေ ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အောင်မင်္ဂလာ ဣစ္ဆာသယ ရွာမကြီးကျောင်းတိုက်၊ ဗိုလ်တေဇလမ်း ၁၀မိုင်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်စန်းဝေ (ပုလော/မြိတ်)
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ် ၁၇နေ ဦးအောင်ကြည်(လ/ထ ညွှန်မှူး၊ ငြိမ်း၊ မြေစာရင်းဦးစီးဌာန)၏ဇနီး၊ ဒေါ်ခင်ခင်အေး(မြိတ်)၊ ဦးဖုန်းဇင်-ဒေါ်ဖြူဖြူအေး၊ဒေါ်အေးအေးမော်၊ဦးအောင်မျိုး(ညွှန်မှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)-ဒေါ်ဝင်းရည်မွန် (အထက-၁၊ သဃ်္ဃန်းကျွန်း)၊ ဦးစိုးတင့်-ဒေါ်ခင်ခင်သော်တို့၏အစ်မ၊ ကိုဝင်းဦး-မနှင်းဝေဖြိုး(နည်းပညာတက္ကသိုလ်၊မြိတ်)၊ ကိုစိုးထိုက်နီ-မဇင်မွန်ဖြိုး၊ မသီရိဝေဖြိုး(မြင့်မိုရ်အထူးကုဆေးရုံ၊ မြိတ်)၊ မအိန္ဒြာဝေဖြိုး၊ မနန္ဒာလှိုင်း၊ မောင်ငြိမ်းချမ်းအောင်တို့၏ကြီးကြီးသည်၄-၆-၂၀၁၂ရက်(တနင်္လာနေ့) နံနက် ၅း၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၂ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများမွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## မောင်ကျော်သူရ
**C.D.C 48450 3/0 (F.G)**
**KHANA MARINE PTE Ltd. (Korea)**
**အသက်(၃၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊သုံးခွမြို့နယ်၊ ဖွဲ့ထော်ကျေးရွာနေ (ဦးသောင်းဟန်-ဒေါ်ခင်သောင်း)တို့၏သားကြီး၊ ဦးညွန့်လှိုင်-ဒေါ်သိန်းအေးတို့၏သားသမက်၊ မရွှေမြိုင်ကြည်၏ခင်ပွန်း၊ မောင်ကျော်ဝဏ္ဏ-မဇင်မာဝေ၊ မောင်ရန်အောင်-မသန္တာစိုး၊ မောင်ကျော်ဟိန်း၊ မောင်ကျော်ဇေယျတို့၏အစ်ကို၊ မသွန်းပြည့်ပြည့်သူ၏ဖခင်သည် ၅-၆-၂၀၁၂ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီတွင် ကိုရီးယားနိုင်ငံ Pusan မြို့ MV. MONONOK သင်္ဘော၌တာဝန်ထမ်းဆောင်နေစဉ် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၁၂ရက် (တနင်္လာနေ့)တွင် အမှတ် ၁၆၊ ၇(ခ)၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမင်းနိုင်ထွန်း
**မင်္ဂလာဒုံမြို့နယ်**
**ဆီကုန်သည်အသင်းအမှုဆောင်**
**အသက်(၄၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပလရအပိုင်၊ အိမ်ခြေ ၂၀နေ (ဦးသောင်းထွန်း)-ဒေါ်တင်စိန်တို့၏သားလတ်၊(ဦးအေးဖေ)-ဒေါ်တင်ကြည်တို့၏သားသမက်၊ ဒေါ်လှရင်၊ ဒေါ်တင်မြင့်၊ ဦးမောင်မောင်စိန်-ဒေါ်ရီရီမြင့်တို့၏တူ၊ ဒေါ်မီမီအေး(ခ)ဒေါ်ညီညီ (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၏ခင်ပွန်း၊ ဦးမျိုးအောင်(ရွှေစင်စကြာခရီးသွားလုပ်ငန်း)-ဒေါ်မီမီစိုး(မ-၁၊ ဗဟန်း)၊ ဗိုလ်မှူးဝင်းနိုင်ထွန်း(ငြိမ်း)-ဒေါ်ခင်သန္တာဝင်းဆွေတို့၏ညီ/မောင်၊ဦးမျိုးမြင့်-ဒေါ်ရီရီစိုး(စိန်စတိုး)၊ ဦးအောင်နိုင်ထွန်း(Shin Soung Co., Ltd.)-ဒေါ်မြတ်စုလှိုင်တို့၏အစ်ကိုလေး၊ (ဒေါ်အေးအေးသန်း၊ ထ-၁၊ မင်္ဂလာဒုံ)၊ ဦးညွန့်ဆွေ-ဒေါ်နွဲ့နွဲ့အေး၊ ဦးမြင့်စိုး-ဒေါ်နီနီအေးဖေတို့၏မောင်၊ တူ၊ တူမ ၁၁ယောက်တို့၏ဦးလေးသည် ၆-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၈-၆-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင်မင်္ဂလာဒုံပေါက်ကုန်းသုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
R. 488

# ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး ဦးဆောင်သည့်အဖွဲ့ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား တွေ့ဆုံ



အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Arak Chonlatanon ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၆**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Arak Chonlatanon ဦးဆောင်သော အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



ကမ္ဘာပေါ်၌ အမြင့်ဆုံးလေဆိပ် တရုတ်၌တည်ဆောက်နေ

စာ-၅

ရုပ်ရှင်မင်းသမီး ခရစ္စတင်းစတီးဝပ်ပါဝင်သည့် Snow White ဇာတ်ကား ရုံဝင်ငွေအများဆုံးရခဲ့

စာ-၅



ဂျပန်ကွင်းလယ်ကစားသမား ကာဂါဝါ မန်ယူသို့ ရောက်ရှိလာမည်

စာ-၇



ယူရို ၂၀၁၂ ခြေစမ်းပွဲများ ယှဉ်ပြိုင်ပြင်သစ်နှင့် တူရကီတို့ နိုင်ပွဲများရ

စာ-၇

## မြန်မာ့အလင်း အာကာသသိပ္ပံ

# အာကာသဟိုတယ်၌ တည်းခိုနိုင်ကြတော့မည်

**အာကာဟိန်း - ရေးသားသည်**

ကမ္ဘာ့ပထမဆုံး ပုဂ္ဂလိကအာကာသစခန်းတွင်ရှိသော အာကာသဟိုတယ်တွင် နေထိုင်လိုသော ဂျပန်နိုင်ငံသားများအတွက် အခွင့်အရေးတစ်ရပ်အဖြစ် လာမည့် ၂၀၁၆ ခုနှစ်မှစတင်ကာ ၎င်းအာကာသဟိုတယ်တွင် နေထိုင်နိုင်တော့မည်ဖြစ်ကြောင်း ဇွန် ၅ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါ အာကာသဟိုတယ်တွင် နေထိုင်တည်းခိုလိုသူများအတွက် သုံးလတာ ကာလတည်းခိုစရိတ်အဖြစ် အမေရိကန်ဒေါ်လာ ၃၈ သန်း ပေးဆောင်ရမည်ဖြစ်သည်။ ၎င်းအာကာသဟိုတယ်ကို အမေရိကန် အာကာသကုမ္ပဏီ ဘီဂီလောက တည်ဆောက်ထားခြင်းဖြစ်သည်။



ထိုသို့ အာကာသဟိုတယ်တွင် သွားရောက်တည်းခိုလိုသော ဂျပန်နိုင်ငံသား အာကာသခရီးသွားများကို ၎င်းကုမ္ပဏီက ဖိတ်ခေါ်လျက်ရှိနေပြီဖြစ်သည်။ ၎င်းဟိုတယ်မှာ ဆလင်ဒါပုံသဏ္ဌာန်ရှိပြီး အကျယ် ၆ ဒသမ ၇ မီတာနှင့် အရှည် ၁၃ ဒသမ ၇ မီတာရှိသည်။

ခရီးစဉ်စတင်လျှင် ယင်းအာကာသဟိုတယ်သည် ကမ္ဘာမြေမှ ကီလိုမီတာ ၄၀၀ ခန့်တွင် တည်ရှိမည်ဖြစ်သည်။ **(အပေါ်ပုံ)** အာကာသခရီးသွားဧည့်သည်များအနေဖြင့် ၎င်းဟိုတယ်တွင်တည်းခိုစဉ် ဓာတ်ခွဲခန်းသဖွယ် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

အဆိုပါ အာကာသဟိုတယ်တွင် ပထမဆုံးတည်းခိုမည့် အာကာသခရီးသွားများကို ၂၀၁၄ ခုနှစ် အစောပိုင်း၌ စတင်လေ့ကျင့်မှုများ ပြုလုပ်စေကာ ၂၀၁၆ ခုနှစ် အာကာသခရီးစဉ်တွင် အာကာသဟိုတယ်၌ တည်းခိုနိုင်ကြမည်ဖြစ်သည်။ **(အင်တာနက်)**

# ခရမ်းစိုက်ပျိုး၍ ဝင်ငွေတိုးလျက်ရှိသည့် တွံတေးမြို့နယ်က အလယ်စုကျေးရွာ

**သတင်းဆောင်းပါး နှင့်ဓာတ်ပုံ မောင်ယဉ်ဦး(ဒလ)**

**တွံတေး ဇွန် ၆**

မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်တောရွာများတွင် နေထိုင်ကြသူများသည် မိမိတို့နေထိုင်ရာအရပ်၏ မြေအမျိုးအစား၊ သဘာဝရာသီဥတုအပေါ်မူတည်၍ ဒေသနှင့် ကိုက်ညီသည့် ရာသီပေါ် သီးနှံများ စိုက်ပျိုးကြသဖြင့် ဝင်ငွေတိုးလျက်ရှိကြသည်။ ဤကဲ့သို့ ဝင်ငွေတိုးတက်လာမှုကြောင့် ကျေးလက်နေ ပြည်သူတို့၏ လူနေမှုအဆင့်အတန်းများ မြင့်မားလာခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အလယ်စုကျေးရွာတွင် ခရမ်းစိုက်ပျိုးဖြစ်ထွန်းသည့်အပြင် ဈေးကွက်ကောင်းမွန်မှုကြောင့် စိုက်ပျိုးသူတောင်သူများ ဝင်ငွေတိုးတက်လျက်ရှိသည်။ အလယ်စုကျေးရွာနေသူများမှာ ရာသီပေါ် သီးနှံများဖြစ်ကြသည့် ချဉ်ပေါင်၊ ရုံးပတီ၊ ဆလတ်၊ မုန်ညင်း၊ ဂေါ်ဖီပွင့်၊ ဂေါ်ဖီထုပ်၊ ခဝဲ၊ သခွား၊ ပဲတောင့်ရှည်များအား အလှည့်ကျစိုက်ပျိုးကြပြီး ကွမ်းကို အဓိကထား၍ စိုက်ပျိုးကြသည်။

ရာသီပေါ် သီးနှံများကို စိုက်ပျိုးရာတွင် ဈေးကွက်ဝင် ဈေးကောင်းရရှိသော သီးနှံများကို ရွေးချယ်စိုက်ပျိုးကြရာ ယခုနှစ်သည် ခရမ်းသီးမှာ ဈေးကောင်းရလျက်ရှိကြောင်း ခရမ်းပင် ၁၀၀၀ ကျော် စိုက်ပျိုးထားသည့် တောင်သူ ဦးချစ်ဦးကပြောသည်။ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် အများဆုံး စိုက်ပျိုးထားသော ခရမ်းမျိုးမှာ ထောပတ်(အဖြူ) အလုံးရှည်မျိုးဖြစ်ပြီး တောင်သူတစ်ဦးလျှင် အနည်းဆုံး အပင် ၇၀၀ ကျော် စိုက်ပျိုးကြသည်ဟု သိရသည်။

တောင်သူကြီး ဦးချစ်ဦးအနေဖြင့် ခရမ်းသီး စိုက်ပျိုးခြင်းကို ၂၀၁၀ ခုနှစ်တွင် အပင်ရေ ၆၀၀ ကျော် စိုက်ပျိုးပြီး *စာမျက်နှာ ၈ ကော်လံ ၁* ●



# ဖီဖာပေးအပ်သည့် ပရိုဂရမ်ကို ယခုပညာသင်နှစ်အတွင်း ကျောင်းသားတစ်ထောင်ဖြင့် စတင်အကောင်အထည်ဖော်မည်

**ခင်လေးမြင့်အောင် ရေးသားသည်**

***ရန်ကုန် ဇွန် ၆***

*ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာမှ ပေးအပ်ထားသည့် FIFA Football for Health ပရိုဂရမ်ကို စတင်ဖော်ဆောင်သည့် အနေဖြင့် အခြေခံပညာ ကျောင်းအချို့တွင် ကျောင်းသားများဖြင့် စတင်ဖော်ဆောင်သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ သိရှိရသည်။*

***အကောင်အထည်ဖော်***

*“လက်ရှိမှာ အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေကို တင်ပြထားပြီးပါပြီ။ အသေးစိတ် ဆွေးနွေးပြီးတာနဲ့ အစီအစဉ်ကို စတင်တော့မှာပါ။ ပထမဦးဆုံးအနေနဲ့ အခြေခံပညာကျောင်း ၁၈ ကျောင်းက ကျောင်းသားပေါင်း ၁၀၀၀ နဲ့ စတင်ပြီး အကောင်အထည်ဖော်သွားဖို့ ရှိပါတယ်။ ဒီနှစ် ကျောင်းပညာသင်နှစ်အတွင်းမှာပဲ စတင်သွားမှာပါ”ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားသည်။*

*အဆိုပါ ပရိုဂရမ်မှာ ဖီဖာအနေဖြင့် အာရှနိုင်ငံများအတွင်း ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကို ပေးခဲ့ခြင်းဖြစ်ကာ အဖွဲ့ဝင်နိုင်ငံ ၄၆ နိုင်ငံအနက်မှ မြန်မာနိုင်ငံကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပရိုဂရမ်သည် လူငယ် အားကစားသမားများကို စိတ်ဓာတ်နှင့် ကျန်းမာရေး အသိအမြင်များ၊ အားကစားနည်းစနစ်များ၊* ***စာမျက်နှာ ၈ ကော်လံ ၁*** *

7-6 (20).pmd 1 6/7/2012, 2:00 AM